# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့။ Friday, 20 June 2025 ၁၁၈၅၄


## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း
စာမျက်နှာ » ၃

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီ အစည်းအဝေးကျင်းပ
စာမျက်နှာ » ၄

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဆက်လက်ဖြေဆို
စာမျက်နှာ » ၇

အဆိုးသံသရာထဲက ယနေ့ကမ္ဘာ
ဆောင်းပါး စာမျက်နှာ » ၈


# မန္တလေးမြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်စီမံချက်ဖြင့် အရိပ်ရပင် ၁၅၀၀၀ နှင့် ပန်းအလှပင် ၅၀၀၀ စိုက်ပျိုးမည်



မန္တလေးမြို့ရှိ လမ်းလယ်ကျွန်းတစ်ခု၌ ပန်းအလှပင်များစိုက်ပျိုးထားမှုကို တွေ့ရစဉ်။

**မန္တလေး ဇွန် ၁၉**

မန္တလေးမြို့တော်အား စိမ်းလန်းစိုပြည်ပြီး သာယာလှပသည့် မြို့တော်ဖြစ်စေရေး အတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက နှစ်စဉ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိရာ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်စီမံချက်ဖြင့် မန္တလေးခြောက်မြို့နယ်တွင် အရိပ်ရပင် ၁၅၀၀၀ နှင့် ပန်းအလှပင် ၅၀၀၀ ကို ဇွန်လအတွင်း သတ်မှတ်ရက်နှင့် သတ်မှတ်နေရာများ၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**

# ဟသ်ာတမြို့နယ်၌ ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုး

**ဟသ်ာတ ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကံလှကျေးရွာရှိ တောင်သူ ဦးကိုဌေးပိုင် စိုက်ဧရိယာ ခုနစ်ဧကတွင် ယနေ့နံနက် ၈ နာရီက ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးခြင်းအခမ်းအနား ပြုလုပ်သည်။

ဦးစွာ ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**






ကြေးမုံ

# သဘာဝပတ်ဝန်းကျင်ဝိုင်းဝန်းထိန်းသိမ်း စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေး အန္တရာယ်အမျိုးမျိုးကို ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို နှစ်စဉ် နှစ်တိုင်း ကမ္ဘာ့နိုင်ငံများက ဆောင်ရွက်နေကြသလို သဘာဝပတ်ဝန်းကျင် ယိုယွင်း ပျက်စီးမှုမရှိစေဘဲ ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်ဖြစ်လာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း နှစ်စဉ်တိုးပွားလာသော လူဦးရေနှင့် လူမှုဘဝများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသောကြောင့် ပတ်ဝန်းကျင်ယိုယွင်း ထိခိုက်မှုအန္တရာယ်မှာ တစ်စတစ်စ ကြီးထွားလာသည်ကို မြင်တွေ့ကြရမည် ဖြစ်သည်။ အထူးသဖြင့် မြို့ပြဒေသများ၌ နေထိုင်ကြသည့် ပြည်သူများအသုံးပြုပြီး စွန့်ပစ်ကြသော အမှိုက်သရိုက်များကြောင့် နောက်ဆက်တွဲဖြေရှင်းနေရသည့် ပြဿနာများမှာ တစ်နေ့တခြား ကြီးထွားလာသည်။ အဆိုပါပြဿနာကို မြို့ပြ စည်ပင်သာယာရေးအဖွဲ့များက နေ့စဉ် ဖြေရှင်းပေးလျက်ရှိသော်လည်း ဖြေရှင်း၍ မဆုံးသည့် ကြီးမားသည့်စိန်ခေါ်မှုဖြစ်လာသည်။

နိုင်ငံတစ်ဝန်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပေါ်စေပြီး မြေဆီလွှာများ၊ မြစ်၊ ချောင်းများ၊ ရေအရင်းအမြစ်များ ပေါ်တွင် ထိခိုက်မှုများရှိနေသည်။ စုပုံစွန့်ပစ်ထားသည့်အရာများမှ ထွက်ရှိလာသော ရေဆိုးများနှင့်အမှိုက်သရိုက်များ မီးရှို့ဖျက်ဆီးမှုကြောင့် မြေထု၊ လေထုညစ်ညမ်းမှုကို ဆိုးဆိုးရွားရွားဖြစ်စေပြီး ပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုများရှိနေသည်။

လက်ရှိတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများမှာ တစ်ရက်လျှင် မက်ထရစ်တန် နှစ်သောင်းခန့်ရှိကြောင်း သိရသည်။ ရန်ကုန်၊ မန္တလေး ကဲ့သို့ မြို့ကြီးများတွင် လူတစ်ဦးစီအနေဖြင့် တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း သုည ဒသမ ၈ ကီလိုဂရမ်ရှိကြောင်း၊ ယခု ၂၀၂၅ ခုနှစ်တွင် လူတစ်ဦး တစ်နေ့လျှင် စွန့်ပစ်ပစ္စည်း တစ်ကီလိုဂရမ် ထွက်ရှိမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ခန့်မှန်းထားသည်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့ကြီးသုံးမြို့မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းပမာဏသည် တစ်နိုင်ငံလုံး စုစုပေါင်း ပမာဏ၏ ထက်ဝက်ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ ရန်ကုန်မြို့တွင် တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း တန် ၂၀၀၀ ခန့်၊ မန္တလေးတွင် တစ်ရက်လျှင် တန် ၉၀၀ ကျော်ခန့်၊ နေပြည်တော်တွင် တစ်ရက်လျှင် တန် ၂၀၀ ခန့်ထွက်ရှိသည်ဟု ခန့်မှန်းထားသည်။

အဆိုပါပမာဏသည် သက်ဆိုင်ရာဒေသအလိုက် စည်ပင်သာယာရေးအဖွဲ့ များက သိမ်းဆည်းနိုင်သောပမာဏသာဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့က မသိမ်း ဆည်းနိုင်သော စွန့်ပစ်ပစ္စည်းများ၊ အခြားနေရာများသို့ စွန့်ပစ်လိုက်သည့်ပစ္စည်း များနှင့် ပြန်လည်အသုံးပြု၊ ပြုပြင်သုံးစွဲလိုက်သည့်ပစ္စည်းများ မပါဝင်သေးပေ။ အမှန်တကယ်ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းပမာဏမှာ ခန့်မှန်းထားသည်ထက် ပိုမို များပြားပေသည်။ စွန့်ပစ်ပစ္စည်းများကို အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်မှသာ တစ်နေ့တခြား ကြီးမားလာသော စွန့်ပစ်ပစ္စည်းပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ် သည်။ ယခုအခါ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်း၌ အသိပညာပေးလှုံ့ဆော်မှုများ ပြုလုပ်နေသည်ကို တွေ့ရမည် ဖြစ်သည်။

အစီအစဉ်မှာ အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်အသိပညာပေးခြင်းဖြစ် သည်။ အဆိုပါအစီအစဉ်ကို အစောပိုင်းကတည်းက အကောင်အထည်ဖော် လျက်ရှိသော်လည်း လိုက်နာဆောင်ရွက်မှုအားနည်းသဖြင့် အောင်မြင်မှုမရှိသေးပေ။ ယခုအခါ အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်များသတ်မှတ်၍ ခွဲခြား စွန့်ပစ်ခြင်း သရုပ်ပြလေ့ကျင့်မှုများပြုလုပ်သည့် လှုပ်ရှားမှုများကို နယ်မြို့များမှ စတင်၍ ပြုလုပ်လာသည်ကို တွေ့ရသည်။ အမှိုက်စိုများဖြစ်သော မီးဖိုချောင်ထွက် ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများအတွက် အစိမ်းရောင် အမှိုက်ပုံး၊ အမှိုက်ခြောက်ဖြစ်သည့် ခြောက်သွေ့သောစက္ကူ၊ ကတ်ထူစက္ကူ၊ သံတိုသံစ၊ ပိတ်စ၊ သစ်သား စသည့်စွန့်ပစ်ပစ္စည်းများအတွက် အဝါရောင်အမှိုက်ပုံး၊ ပလတ် စတစ်အမှိုက်အတွက် အပြာရောင်အမှိုက်ပုံး၊ လျှပ်စစ်နှင့် ဓာတုဆိုင်ရာဘေးအန္တရာယ် ပစ္စည်းများအတွက် အနီရောင်အမှိုက်ပုံး စသည်ဖြင့် အမှိုက်ပုံးများကို အရောင်ခွဲခြား ၍ စွန့်ပစ်သည့် အလေ့အထဖြစ်လာအောင် နမူနာဆောင်ရွက်လျက်ရှိသည်။

မြို့ပြဒေသများတွင် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပြည်သူလူထုအနေဖြင့် အသိတရားဖြင့် ပူးပေါင်းပါဝင်လာမှုသည် အရေးကြီးသည်။ စွန့်ပစ်ပစ္စည်း အမှိုက်သရိုက်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပြည်သူ လူထုအနေဖြင့် အသိအမြင် ဗဟုသုတနည်းပါးခြင်း၊ အစဉ်အဆက်ကတည်းက အလွယ်တကူ လုပ်ကိုင်တတ်သည့် အလေ့အကျင့်ပါလာခြင်း၊ ထိုအလေ့အကျင့် ကြောင့် အမှိုက်များအားလုံးကို ရောနှောပေါင်းစပ် စွန့်ပစ်လေ့ရှိခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်အားနည်းခြင်း တို့ကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုနှင့် အခက်အခဲများ ရှိနေမည်ဖြစ်သည်။

သို့ဖြစ်ရာ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များသည် ပြည်သူ များ၏ လူမှုဘဝနှင့် မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်သာယာလှပရေးကို များစွာ အထောက်အကူပြုသဖြင့် အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်များ သတ်မှတ်၍ ခွဲခြားစွန့်ပစ်ခြင်းအစီအစဉ် အောင်မြင်ရေးအတွက် အသိတရားကိုယ်စီ ဖြင့် အလေးထားပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဇွန် ၁၉**

ဇွန် ၁၉ ရက် ညနေ ၆ နာရီ ၂၀ မိနစ် ၀၅ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၄၄ မိုင်ခန့် ကွာဝေး သော မြန်မာနိုင်ငံ ပြည်တွင်း (မော်လိုက်မြို့၏ အရှေ့ - အရှေ့ မြောက်ဘက် ၁၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၆၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထား လိုက်သည်။

## ငလျင်ဘေးသင့်ဒေသပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၄ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇွန် ၁၈ ရက် ညနေ ၅ နာရီမှ ဇွန် ၁၉ ရက် ညနေ ၅ နာရီအတွင်း တရုတ်နိုင်ငံသား အလှူရှင်များနှင့် တရုတ်နိုင်ငံရောက် မြန်မာအလှူရှင်များက လှူဒါန်းသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ (အလေးချိန် သုည ဒသမ ၉၆၂ တန်) နှင့် စင်ကာပူနိုင်ငံ စင်ကာပူမြို့ရှိ Buddha Dhamma Mandala Society နှင့် Love and Care Charity Group တို့က လှူဒါန်းသည့် ဘီစကွတ်၊ ခေါက်ဆွဲခြောက်နှင့် လူသုံးကုန် ပစ္စည်းများ (အလေးချိန် သုည ဒသမ ၁၈ တန်) ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို လည်း ဘေးသင့်ပြည်သူများ လက်ဝယ် အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ၁၉ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၅၀၀ | ၆,၅၀၀ | ၇၀၀ | ၄,၅၅၀,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၆၀ | ၄၃၈,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၁၆၀ | ၃၀၄,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၂,၁၇၅ | ၃,၅၂၁,၈၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၄၅ | ၅၈၀,၀၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၁၁၂ | ၃၄၁,၆၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၀ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ ကော်မရှင်သည် ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များဖြင့်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြင့်ဖြစ်စေ အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းပုဂ္ဂိုလ်များအနက် သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စု သံအမတ်ကြီးအား လက်ခံတွေ့ဆုံ




**နေပြည်တော် ဇွန် ၁၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စု သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအခြေစိုက် သံရုံးများဖွင့်လှစ်ရန် ဆောင်ရွက်နေမှုအပါအဝင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ စွမ်းအင်ကဏ္ဍနှင့် အခြားသော အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့်နယ်ပယ်များ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်းစာနာမှုအကူအညီပေးအပ်ခဲ့မှုများ၊ ငလျင်ကြောင့် နိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ငလျင်ဘေးနောက်ဆက်တွဲ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံအလိုက်ထူထောင်ထားရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များနှင့် နှစ်ဦးနှစ်ဖက် အပြုသဘောဆောင်လျက် ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

ကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ လုပ်ငန်းဌာနခွဲမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စီစဉ်ပေးကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပန်းဥယျာဉ်နဲ့ ကစားကွင်းများဌာနက မြို့တော်ကို Green City, Clean City, Beautiful City, Smart City ဖြစ်လာဖို့ရည်မှန်းချက်တွေထားရှိပြီး စီမံချက်တွေ ရေးဆွဲကာ နှစ်စဉ်ဆောင်ရွက်နေပါတယ်။ မန္တလေးမြို့က မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှား ရပ်ဝန်းဒေသမှာ တည်ရှိတဲ့အတွက် သဘာဝအလျောက် မုတ်သုံမိုးရပါတယ်။ မိုးဦးကျတာနဲ့ စိုက်ပျိုးရေးစတင်ဆောင်ရွက်ပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၂၅ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ မန်ကျည်း၊ ကုက္ကို၊ စိန်ပန်း၊ မည်စည် စသည့် အရိပ်ရပင် ၁၅၀၀၀ နှင့် ပန်းအလှပင် ၅၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အရိပ်ရပင်များကို လမ်းမကြီးများ၊ အဓိကလမ်းများ၊ လမ်းသွယ်များ၊ ဒူးကြားလမ်းများတွင် ဦးစားပေးအစီအစဉ်အတိုင်း စိုက်ပျိုးသွားမည်ဟု သိရသည်။

"လမ်းမကြီးတွေ ဘေးမှာ စိုက်တဲ့အပင်တွေက ဒေသမျိုးရင်းဖြစ်သလို ဒေသနဲ့လည်း ကိုက်ညီလို့ ဦးစားပေးပြီး မန္တလေးခြောက်မြို့နယ်မှာ အရိပ်ရပင် တစ်သောင်းခွဲ စိုက်ပျိုးမယ်။မန္တလေး- ပြင်ဦးလွင်လမ်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ တောင်သမန် မည်စည်တန်းနဲ့ မြို့ဝင်မြို့ထွက်တွေက လမ်းလယ်ကျွန်းတွေမှာ အလှပန်းပင်တွေ ဖြစ်တဲ့ နွယ်သာကီလို အပင် ငါးထောင် စိုက်ပျိုးမယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးမြို့တော်ကို Green City, Clean City, Beautiful City, Smart City ဖြစ်စေရန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အနီးကပ်လမ်းညွှန်ချက်ဖြင့် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ City in the Garden ဖြစ်လာစေရန် ရည်မှန်းချက်တစ်ခု ထပ်တိုးအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ **မောင်အေးချမ်း**

## လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွား

**နေပြည်တော် ဇွန် ၁၉**

ယနေ့မြန်မာစံတော်ချိန် နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်သို့ ရောက်ရှိကာ လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့ပြီးဖြစ်သည်။ **မိုး/ဇလ**

# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ နယ်ဘက် လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာဥပဒေကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄/ ၂၀၂၅) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီက ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ(ခ) အရ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားခြင်းဆိုင်ရာညွှန်ကြားချက်ကို ၁၈-၆-၂၀၂၅ ရက်တွင်ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁၆/၂၀၂၅)ဖြင့် အတည်ပြုထုတ်ပြန်ပြီးဖြစ်ပါကြောင်း။




ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာဥပဒေတွင် အခန်း(၁)မှ (၁၃)ထိပါဝင်ပြီး ဥပဒေပုဒ်မ ၁ မှ ပုဒ်မ ၅၅ ထိပြဋ္ဌာန်းထားပါကြောင်း၊ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ၊ ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တားမြစ်ချက်များ၊ ပြစ်ဒဏ်များ ပြည့်စုံစွာ သိရှိလိုက်နာ ဆောင်ရွက်ရန် ဖော်ပြထားသည့်အပြင် ဗဟိုကော်မတီက ၂၀၂၅ ခုနှစ် ဇွန် ၁၈ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် (၁၆/ ၂၀၂၅) ဖြင့် ထုတ်ပြန်ထားသော လိုင်စင်နှင့် ခွင့်ပြုမိန့် လျှောက်ထားခြင်းဆိုင်ရာ ညွှန်ကြားချက် လျှောက်လွှာပုံစံများနှင့် လိုက်နာ ဆောင်ရွက်ရမည့် ညွှန်ကြားချက် ၁ မှ ၅၉ ထိ ပြည့်စုံစွာ ဖော်ပြထားပါကြောင်း။

ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှု လုပ်ငန်း လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလိုင်စင်ကို ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေး ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ငန်းခွဲများတွင် လုံခြုံရေး ဝန်ထမ်း ၁၀ ဦးအထက် ခန့်ထားလိုသည့် လုပ်ငန်းရှင်များသည် ခွင့်ပြုမိန့်ကို သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေး ကော်မတီသို့ လျှောက်ထားရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စု နယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးကော်မတီက လျှောက်လွှာများကို သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်၍ ညီညွတ်မှုရှိသည့် လျှောက်လွှာများကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြရမည်ဖြစ်ပြီး ဗဟိုကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကြီးကြပ်ကွပ်ကဲရေး ကော်မတီများက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို လျှောက်ထားသူထံ ထုတ်ပေးရမည် ဖြစ်ပါကြောင်း။

ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်မည့် ကုမ္ပဏီများအား နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုအထောက်အကူပြုစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုများဖြစ်လာစေရန်အတွက် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေး အဖွဲ့များက ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကလုံခြုံရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေး ကော်မတီအဖွဲ့ဝင်များက ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းမှာကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၌ စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်နိုင်ရန် အမျိုးသားပို့ကုန်ဆိုင်ရာ မဟာဗျူဟာများ မျှဝေဖလှယ်ခြင်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၌ စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် အမျိုးသားပို့ကုန်ဆိုင်ရာမဟာဗျူဟာများ မျှဝေဖလှယ်ခြင်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ (Regional Workshop on Sharing National Export Strategies to Enhance Agricultural Trade & Investment in BIMSTEC)ကို ယမန်နေ့ နံနက် ၉ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန္တာကြည်က သဘာပတိအဖြစ် ဆောင်ရွက်သည်။




ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာစားရေရိက္ခာနှင့် မူဝါဒသုတေသနမှ ကျွမ်းကျင်ပညာရှင်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဘင်းမ်စတက်အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်ရှိ ကဏ္ဍများအနက် စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍအား ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသည့် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်(၂၀၂၃-၂၀၂၇)အရ ယနေ့ဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် ဘင်းမ်စတက်ဒေသတွင်းနိုင်ငံများ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ လယ်သမားများ၏ လူနေမှုဘဝမြှင့်တင်ရေးတို့အတွက် အမျိုးသားပို့ကုန်ဆိုင်ရာ မဟာဗျူဟာများ၏ အခန်းကဏ္ဍကို အပြည်ပြည်ဆိုင်ရာ စားရေရိက္ခာ မူဝါဒသုတေသနဌာန၏ ကျွမ်းကျင်ပညာရှင်က လည်းကောင်း၊ ဘင်းမ်စတက်ဒေသတွင်းရှိ စိုက်ပျိုးရေးထွက်ကုန်များ၏ ကုန်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို သတ်မှတ်ဖော်ထုတ်ခြင်း ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဥက္ကဋ္ဌက လည်းကောင်း၊ ဘင်းမ်စတက်ဒေသတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုအလားအလာကောင်းများ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအပေါ် ခြုံငုံသုံးသပ်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများရှိ အမျိုးသားပို့ကုန်ဆိုင်ရာ မဟာဗျူဟာများ၊ အလားအလာရှိသော ရင်းနှီးမြှုပ်နှံမည့်နယ်ပယ်များ စသည်တို့ကို ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်များက လည်းကောင်း တင်ပြဆွေးနွေးကြပြီး ဘင်းမ်စတက်ဒေသတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် အမျိုးသားပို့ကုန်ဆိုင်ရာ မဟာဗျူဟာများ မျှဝေဖလှယ်ခြင်းနှင့်သက်ဆိုင်သည့်ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ဟသ်ာတမှ**

အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးငြိမ်းသောင်းက ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဝန်ထမ်းများက ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးပြသရာ ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အခမ်းအနားတက်ရောက်လာသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများက ဟသ်ာတမြို့နယ် ကုန်းကြီးအုပ်စု နတ်မော်လမ်းရှိ ဟသ်ာတခရိုင်စက်မှုလယ်ယာဦးစီးမှူးရုံးဝင်းအတွင်း၌ အောင်နိုင်တိုးစပါးမျိုးနှင့် ဆင်းသုခမျိုးစပါးများကို သတ်မှတ်ရက်အလိုက် အဆင့်ဆင့်ပျိုးထောင်ထားရှိမှု၊ ပျိုးထောင်ပုံနည်းစနစ်များနှင့် ပတ်သက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်ကိုကိုတင်က ရှင်းလင်းတင်ပြရာ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ဟသ်ာတခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးငြိမ်းသောင်းနှင့် ဝန်ထမ်းများ၊ ဟသ်ာတမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ အတွင်းရေးမှူး ဦးစောဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို၊ ပြုပြင်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဇွန် ၁၉

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အာနန္ဒာ၊ ထီးလိုမင်းလိုနှင့် ရွှေစည်းခုံစေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်း၍ အာနန္ဒာဘုရားကြီး စောင်းတန်းသုံးသွယ်ရှိ ရွှေဇဝါယွန်းများ ရွှေမိုက်ထုတ်မှု၊ Easy Gold ဖြင့် ရွှေချလုပ်ငန်းဆောင်ရွက်မည့် အစီအမံများ၊ ထီးလိုမင်းလိုဘုရားရင်ပြင် သဲကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရွှေစည်းခုံစေတီတော်ကြီးတွင် ကဏ္ဍအလိုက် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂေါပကအဖွဲ့များ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ပုဂံရှေးဟောင်းအမွေအနှစ်ဒေသအတွင်း ရေကြီးရေဝပ်မှု ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရှေးဟောင်းရေကန်များနှင့် ရှေးခေတ်ရေအသုံးချမှုစနစ် ပြန်လည်ဖော်ထုတ်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သရပါတံတားအောက်ရှိ ရေနုတ်အဆောက်အအုံ တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသည့် ညောင်ဦးမြို့မှ ပုဂံမြို့သွား အနော်ရထာလမ်းမကြီးတွင် Box Culvert နှစ်စင်း ဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ရေလမ်းကြောင်း အမှတ်(၂) ပြုပြင်တူးဖော်ခြင်း၊ ရေကျော်များ ပြုပြင်တည်ဆောက်ခြင်းနှင့် လိုအပ်သော မြေထိန်းနံရံများတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်နေသော ဘက်စုံသုံး မြို့နယ်ခန်းမအဆောက်အအုံအသစ်တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်း ကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် မြို့မရပ်ကွက်ရှိ အထက(ပုသိမ်ကြီး) စာစစ်ဌာနသို့သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade -12 ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ကျောင်းသား ကျောင်းသူများ ဖြေဆိုနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားခြင်းနှင့်ပတ်သက်၍ ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ရေးသားပြုစုရန်အတွက် ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့ပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်တို့မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ပညာရှင်များ၊ ပျူခေတ်သုတေသန တူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ လေ့လာသူ ပြင်ပပညာရှင်များ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ဌာနမှ မျိုးဆက်သစ်ဝန်ထမ်းများနှင့် ပြင်ပပညာရှင်များက သုတေသနပြုလေ့လာတွေ့ရှိချက်များကို တင်ပြဆွေးနွေးမည်ဖြစ်သည့်အတွက် ကြွရောက်လာသူများက ဖြည့်စွက်ဆွေးနွေးပြင်ဆင်ပေးနိုင်ကြောင်း၊ ယခုတင်ပြမည့် အကြောင်းအရာများသည် ကွင်းဆင်းတူးဖော်မှု၊ အထောက်အထားလေ့လာမှု၊ ကမ္ပည်းကျောက်စာ လေ့လာမှုများစသည်ဖြင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များက နယ်ပယ်အလိုက် သေချာစွာ သုတေသနပြုလေ့လာထားသော အကြောင်းအရာများဖြစ်သည့်အတွက် ယခုရေးသားပြုစုနေသည့် တစ်ဆက်တစ်စပ်တည်းသော သမိုင်းစဉ်အတွက် များစွာအထောက်အကူ ဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ပျူအက္ခရာနှင့် အသံထွက်၊ ပျူခေတ် ရေအသုံးချမှုနှင့် ရေစီမံခန့်ခွဲမှုဆိုင်ရာ အထောက်အထားများ၊ ပုဂံဒေသရှိ ပျူအထောက်အထားများနှင့်ပတ်သက်၍ သုတေသနပြုတွေ့ရှိချက်များ၊ ဗိဿနိုးပျူမြို့ဟောင်းအတွင်းရှိ သုတေသနပြုမှုဆိုင်ရာ နှောင်းတွေ့ အထောက်အထားများ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများရှိ တူးဖော်မှုကုန်းများမှ အုတ်နမူနာများ၏ မီးဖုတ်သည့်အပူချိန်ကို နှိုင်းယှဉ်သုတေသနပြု တွေ့ရှိချက်များ၊ သရေခေတ္တရာ ပျူမြို့ဟောင်းနန်းတော်ရာအတွင်းမှ အမိုးအုတ်ကြွပ်ပြားများနှင့် ပတ်သက်၍ သုတေသနပြု တွေ့ရှိချက်များ၊ သရေခေတ္တရာမြို့ဟောင်းအတွင်း၊ အပြင်ရှိ တူးဖော်ပြီးသော ကုန်းခုနစ်ကုန်းမှ တွေ့ရှိရသော ရွှေထည်နှင့် ငွေထည် ယဉ်ကျေးမှုအနုလက်ရာများ၊ ပျူအက္ခရာနှင့် အသံထွက်စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြရာ ပညာရှင်ကြီးများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များနှင့် ထပ်မံဖြည့်စွက်လိုသည်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပညာရှင်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
## ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
## တိုင်းဒေသကြီး/ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - ဓာတုဗေဒ + ပထဝီဝင်

ရက်စွဲ။ ၁၉-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၀ | ၅၃၀၂ | ၈၅၈၂ | ၅၇ | ၅၇ | ၁၁၄ | ၉၈.၆၉ % | ၁.၃၁% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၃ | ၁၉၃၇၈ | ၃၃၇၆၁ | ၂၇၅ | ၂၀၅ | ၄၈၀ | ၉၈.၆၀% | ၁.၄၀ % | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀ % | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၃၉ | ၃၆၆၅၀ | ၆၂၇၈၉ | ၄၆၂ | ၄၂၂ | ၈၈၄ | ၉၈.၆၁% | ၁.၃၉% | |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ စာစစ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်စာစစ်ဌာနသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲစတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ကျောင်းဆောင်၊ စာသင်ဆောင်များကို အဆင့်အလိုက်ဆက်လက်ဆောင်ရွက်ထားမှုအခြေအနေများ၊ ကျောင်းဆောင်သစ်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ် UNITY ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း တည်ထောင်သူများ၊ ကျောင်းအုပ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား မိမိတို့တက္ကသိုလ်၏ ဥပဓိရုပ်ကောင်းမွန်အောင်ဆောင်ရွက်ရန်၊ စီမံဆိုင်ရာ၊ သင်ကြားသင်ယူမှုဆိုင်ရာ အရည်အသွေးများ တိုးတက်ကောင်းမွန်ဆောင်ရွက်ရန်တို့ကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကိုးခရိုင်၊ ၁၃ မြို့နယ်တွင် စာစစ်ဌာန စုစုပေါင်း ၂၅ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၈၂၀၅ ဦး စာရင်းပေးသွင်းကြ၍ ဓာတုဗေဒနှင့် ပထဝီဝင်ဘာသာရပ်ကို ၈၀၄၀ ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၉၉ ရာခိုင်နှုန်းရှိပြီး မန္တလေးတိုင်းဒေသကြီးရှိ ၁၀ ခရိုင်၊ ၂၅ မြို့နယ်တွင် စာစစ်ဌာန စုစုပေါင်း ၁၀၁ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၃၄၂၄၁ ဦး စာရင်းပေးသွင်းကြ၍ ဓာတုဗေဒနှင့်ပထဝီဝင် ဘာသာရပ်ကို ၃၃၇၆၁ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၀ ရာခိုင်နှုန်း ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒနှင့် ပထဝီဝင်ဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ စာစစ်ဌာန စုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၇၈၉ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒနှင့် ပထဝီဝင်ဘာသာရပ်ဖြေဆိုနေမှု ကြည့်ရှုအားပေး

**မုံရွာ ဇွန် ၁၉**

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာနှင့် စိုက်ပျိုးမွေးမြူရေးကျောင်း(အလုံ)၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒနှင့် ပထဝီဝင်ဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ စာမေးပွဲ ဖြေဆိုနေစဉ်အတွင်း စာရေးကိရိယာများ အခက်အခဲမရှိစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးထားမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် မုံရွာမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဓာတုဗေဒနှင့် ပထဝီဝင်ဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး စာမေးပွဲကြီးကြပ်ဆရာများနှင့် တွေ့ဆုံကာ စာမေးပွဲဖြေဆိုမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် စာစစ်ဌာန ၂၅ ခု၌ စာရင်းရှိ ၈၂၀၅ ဦး၊ ဓာတုဗေဒ၊ ပထဝီဝင်ဘာသာရပ်ဖြေဆိုသူ ကျောင်းသားကျောင်းသူ စုစုပေါင်း ၈၀၄၀ ရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်း ၉၈ ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး မုံရွာမြို့နယ်အနေဖြင့် အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(အလုံ)တွင် ဖြေဆိုသူကျောင်းသား ကျောင်းသူ ၂၄၄ ဦးနှင့် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းတွင် ဖြေဆိုသူကျောင်းသား ကျောင်းသူ ၄၆၇ ဦးရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချင်းတွင်းခန်းမ၌ ကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲအဖွဲ့ဝင် ဦးမြင့်သိန်းက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပသွားမည့်အခြေအနေကို လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးက MEVM စက်အသုံးပြုပုံနှင့်အားသာချက်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာသူများနှင့်အတူ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများသည် ဇွန် ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၆၂၇၈၉ ဦး (ဖြေဆို ရာခိုင်နှုန်း ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**




လယ်ဝေးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



သာစည်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



မြစ်သားမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဝါဝါမြင့်(မြစ်သား)



ကျွန်းလှမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ မျိုးဝင်းညို(ကျွန်းလှ)



မုံရွာမြို့နယ်၌ Grade-12 ကျောင်းသား ကျောင်းသူများ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ဖားကန့်မြို့နယ်၌ Grade-12 ကျောင်းသား ကျောင်းသူများ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ငါန်းဇွန်မြို့နယ်၌ Grade-12 ကျောင်းသား ကျောင်းသူများ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေမှုကို တွေ့ရစဉ်။ သက်နောင်ဦး(ငါန်းဇွန်)



ညောင်ဦးမြို့နယ်၌ Grade-12 ကျောင်းသား ကျောင်းသူများ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနေမှုကို တွေ့ရစဉ်။ ဒီပါလင်း



စဉ့်ကိုင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ကျော်စွာ(စဉ့်ကိုင်)



ပြင်ဦးလွင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများနှင့် လာရောက်ကြိုဆိုကြသည့် မိဘများကိုတွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



တနိုင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို မုန့်နှင့်ဖျော်ရည်များ ဝေငှပေးသည်ကို တွေ့ရစဉ်။ နေလင်းထူး(ပြန်/ဆက်)

# အဆိုးသံသရာထဲက ယနေ့ကမ္ဘာ

မောင်ကမ္ဘာ

**ယနေ့ ကမ္ဘာ့အခြေအနေကိုကြည့်လျှင် အဆိုးသံသရာထဲမှာပင် တဝဲလည်လည်ဖြစ်လျက်ရှိသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများအချင်းချင်းကြား နိုင်ငံရေးတင်းမာမှုများ၊ ဒေသတွင်းပြိုင်ဘက်နိုင်ငံများ၏ အားပြိုင်မှုများမှတစ်ဆင့် ဒေသတွင်းစစ်ပွဲများ ဖြစ်ပွားလာသည်။ လူမှုအဓိကရုဏ်းများ၊ သဘာဝဘေးအန္တရာယ်များကပါ မကြာခဏထပ်ဆင့်ဖြစ်ပွားလာ၍ ကမ္ဘာကြီးသည် ပူလောင်ဆူပွက်လျက်ရှိသည်။**

ဟားမတ်စ်စစ်သွေးကြွတို့၏ အကြမ်းဖက်တိုက်ခိုက်မှုမှတစ်ဆင့် လက်တုံ့ပြန်တိုက်ခိုက်ခံရမှုကြောင့် ဂါဇာစီးတီးသည် တစပြင်ပမာ ပျက်စီးသွားခဲ့ရသည်။ အပြစ်မဲ့ပြည်သူ သောင်းနှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ရသည်။ အမျိုးသမီးနှင့် ကလေးငယ်များ သေဆုံးမှုမှာ အများဆုံးဖြစ်သည်။

အသက်မသေဘဲ ကျန်ရှိသူများမှာလည်း ပိတ်ဆို့ခံထားရမှုကြောင့် စားရေရိက္ခာနှင့် ဆေးဝါးများပြတ်လပ်ကာ ကြီးစွာသောဒုက္ခနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကပေးပို့သောစားရေရိက္ခာများကို အလုအယက် ခွက်ထိုးတောင်းခံနေကြသည့် လူမမည်ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ၏ ပုံရိပ်များမှာလည်း ယဉ်ကျေးသည့် လူသားကမ္ဘာအတွက် မေးခွန်းထုတ်စရာဖြစ်လာရသည်။ သို့သော် လူသားချင်းစာနာထောက်ထားမှုဟု မကြာခဏကြွေးကြော်လေ့ရှိသော နိုင်ငံကြီးများလည်း မတတ်နိုင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဖွဲ့စည်းထားသည်ဟုဆိုသော ကုလသမဂ္ဂလည်း မစွမ်းနိုင်၊ ကမ္ဘာကြီးက လက်မှိုင်ချနေခဲ့ရသည်။ နိုင်ငံတကာ အထောက်အပံ့များသည်ပင်လျှင် ခွင့်ပြုချက်ဖြင့် အကန့်အသတ်မျှသာ ပေးပို့နိုင်လေသည်။

## ရင်တမမဖြစ်နေဆဲ

ယူကရိန်းပဋိပက္ခစစ်ပွဲကလည်း နှစ်ပေါက်ခဲ့ချေပြီ။ စစ်ပွဲရှည်ကြာလေသည်နှင့်အမျှ စစ်ဘောင်က ပို၍ကျယ်ပြန့်လာသည်။ စစ်ပွဲအရှိန်ကလည်းပို၍ပြင်းထန်လာသည်။ ယူကရိန်း၏နောက်ကွယ်တွင် နိုင်ငံကြီးများ၏ ပေါ်ပေါ်ထင်ထင် ပါဝင်ပတ်သက်မှုကြောင့် အင်အားကြီးနိုင်ငံများအချင်းချင်း ထိပ်တိုက်တွေ့ပြီး တတိယကမ္ဘာစစ်၊ တစ်နည်း နျူကလီးယားစစ်ပွဲကြီးများ တစ်နေ့ ထတောက်လာလေမလားဟု ကမ္ဘာသူ ကမ္ဘာသားများက ရင်တမမဖြစ်နေဆဲ။

သည်ကြားထဲ တောင်အာရှနှင့် အရှေ့တောင်အာရှတို့၌ ပေါ်ပေါက်လာသော စစ်ရေးငင်မှု၊ အင်အားပြမှုများကလည်း ဒေသတွင်းနိုင်ငံများနှင့် ပြည်သူများအဖို့ စိတ်မချမ်းမြေ့စရာ ဖြစ်ရသည်။ တင်းမာမှုများ ပြန်လည်လျော့ပါးသွားပြီး စေ့စပ်ညှိနှိုင်းမှုများ အသက်ဝင်လာမှ စိတ်သက်သာရာရခဲ့ကြရသည်။

သို့သော် ယနေ့ကမ္ဘာသည် အဆိုးသံသရာထဲက ရုန်းမထွက်နိုင်ခဲ့ပါပေ။ ယခုရက်ပိုင်းအတွင်းမှာပင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပြင်းထန်သည့် လူဝင်မှုကြီးကြပ်ရေး ဆောင်ရွက်ချက်များကို ကန့်ကွက်သောဆန္ဒပြပွဲများ အမေရိကန်တစ်ဝန်း၌ ပျံ့နှံ့လာသည်။

လော့စ်အိန်ဂျလိစ်မြို့၌ ဆန္ဒပြသူများကို




အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဆန္ဒပြသူများအား ဖြိုခွင်းနေမှုကို တွေ့ရစဉ်။

အင်အားသုံးဖြိုခွင်းသည့်ကြားက နယူးယောက်၊ ချီကာဂိုစသည့် အခြားမြို့ကြီးများအထိ ဆန္ဒပြပွဲများ ကူးစက်သွားသည်။ ဆန္ဒပြသူများက ကားများကို မီးရှို့ခြင်း၊ လုံခြုံရေးအဖွဲ့ဝင်များကို ပြန်လည်တုံ့ပြန်တိုက်ခိုက်ခြင်းများအပြင် ခိုးဆိုးလုယက်သူများကလည်း တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသည့်နှယ် စတိုးဆိုင်ကြီးများ၊ စူပါမားကတ်များ၊ အရောင်းဆိုင်ခန်းများကို ပေါ်ပေါ်ထင်ထင် ဝင်ရောက်လုယက်ကြပြန်သည်။ သို့နှင့် လော့စ်အိန်ဂျလိစ်မြို့တွင် ကာဖျူးအမိန့်ကို နောက်တစ်ကြိမ် ထုတ်ပြန်ခဲ့ရသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဟု မကြာခဏ ကြွေးကြော်လေ့ရှိသော ဒီမိုကရေစီစံပြအင်ပါယာနိုင်ငံကြီးအတွက် နိုင်ငံရေးသံဝေဂယူစရာ ဖြစ်ရလေသည်။

## ကမ္ဘာ့အရေးအခင်းများက အတောမသတ်နိုင်အောင်၊ လေ့လာ၍မဆုံးနိုင်အောင်ဖြစ်

ကမ္ဘာ့နိုင်ငံရေး လေ့လာအကဲခတ်သူအဖို့ ကမ္ဘာ့အရေးအခင်းများက အတောမသတ်နိုင်အောင်၊ လေ့လာ၍မဆုံးနိုင်အောင်ဖြစ်နေဆဲမှာပင် ဇွန်လ ၁၂ ရက်နေ့ ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် အာမီဒါဗတ်မြို့မှ လန်ဒန်သို့ စတင်ပျံသန်းထွက်ခွာသည့် အိန္ဒိယလေကြောင်းလိုင်းမှ Boeing 787 လေယာဉ်တစ်စင်း ပျက်ကျခဲ့ပြန်သည်။ လေယာဉ်အမှုထမ်းနှင့် ခရီးသည်စုစုပေါင်း ၂၄၂ ဦး လိုက်ပါလာသည့်အနက် သေကံမရောက် သက်မပျောက်သူ အိန္ဒိယနွယ်ဖွား ဗြိတိန်နိုင်ငံသား ခရီးသည်တစ်ဦးသာ အသက်ရှင်ကျန်ရစ်သည်။

ကံဆိုးမိုးမှောင်ကျမှုများက ဤမျှနှင့် စခန်းမရပ်၊ ကြမ္မာဆိုးကလည်း ထပ်ဝင်လာသည်။ လေယာဉ်က လေဆိပ်အပြင်ဘက် လူနေထိုင်ရာရပ်ကွက်ရှိ ဆေးကျောင်းသားအဆောင်သို့ ပျက်ကျခဲ့သဖြင့် ဆေးကျောင်းသားအချို့ ထပ်မံသေဆုံးခဲ့ရပြန်သည်။ ဆယ်စုနှစ်အတွင်း ကမ္ဘာ့အဆိုးရွားဆုံးလေယာဉ်ပျက်ကျမှုဟုဆိုသည်။ ကရုဏာတရားကြီးမားသူများအဖို့ အိပ်မက်ကိုယ်စီ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်ကိုယ်စီဖြင့် လေယာဉ်ပေါ်သို့ လိုက်ပါသွားခဲ့ကြရင်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အသက်ဆုံးရှုံးသွားခဲ့ကြရသည့် ခရီးသည်များနှင့် ပူဆွေးသောကကြီးစွာဖြင့် ကျန်ရစ်သူများနှင့် ထပ်တူခံစားကြရသည်။

## ယူရေနီယံသန့်စင်ရေးအစီအစဉ်နှင့် နျူလက်နက်အစီအစဉ်များကို ပစ်မှတ်ထားတိုက်ခိုက်

ကမ္ဘာ့ရှစ်ခွင်တိုင်းလုံးတုန်စေသည့် ကမ္ဘာ့ထိပ်တန်းသတင်းကြီးများက ဤမျှနှင့်မရပ်။ ဇွန်လ ၁၃ ရက်နေ့ နံနက်တွင် တုန်လှုပ်ဖွယ်ရာ ထပ်မံပေါ်ထွက်လာပြန်ပါသည်။ ဇွန်လ ၁၃ ရက်နေ့ နံနက်အစောပိုင်းတွင် အစ္စရေးက အီရန်၏မြို့တော် တီဟီရန်ရှိ နျူကလီးယားနှင့် တာဝေးပစ်ဒုံးစီမံကိန်း အခြေစိုက်ရာနေရာများနှင့် စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများကို လေကြောင်းဖြင့် လက်ဦးမှုရယူ စတင်တိုက်ခိုက်ခဲ့ပြန်သည်။ အစ္စရေးတို့က အီရန်၏ ယူရေနီယံသန့်စင်ရေးအစီအစဉ်နှင့် နျူလက်နက်အစီအစဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ တိုက်ခိုက်မှုအတွင်း အီရန်ထိပ်တန်းနျူကလီးယားသိပ္ပံပညာရှင်အချို့နှင့် အီရန်စစ်ဘက် ထိပ်တန်းဗိုလ်ချုပ်အချို့လည်း ထိခိုက်သေဆုံးသွားခဲ့သည်ဟု ကမ္ဘာ့သတင်းများကဆိုသည်။

အီရန်ကလည်း ချက်ချင်းလက်တုံ့ပြန်သည့်အနေဖြင့် မွန်းလွဲပိုင်းမှစတင်၍ အစ္စရေးကို ပဲ့ထိန်းဒုံးကျည်များ၊ ဒရုန်းများ ရာနှင့်ချီ၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လတ်တလောကာလတွင် အစ္စရေးကာကွယ်ရေးဝန်ကြီးက "အီရန်၏ လက်တုံ့ပြန်တိုက်ခိုက်မှု မရပ်တန့်ပါက မြို့တော်တီဟီရန်ကို မီးလောင်တိုက်သွင်းမည်"ဟု ကြုံးဝါးလျက်ရှိသလို အီရန်ကလည်း "အစ္စရေးအပေါ် ကြီးမားပြင်းထန်သည့် တိုက်ခိုက်မှုများ လာမည့်နာရီပိုင်းအတွင်း ပြုလုပ်တော့မည်"ဟု နိုင်ငံပိုင်ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးလူမျိုးအမြောက်အမြားအသတ်ခံခဲ့ရသည့် ဟိုလိုကော့စ်ဖြစ်ရပ် သမိုင်းသင်ခန်းစာအရ အီရန်တို့လက်ထဲတွင် နျူကလီးယားလက်နက် ရရှိသွားမည့်အပေါ် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ စိုးရိမ်သောကနှင့် နျူကလီးယားပါဝါကိုင်စွဲထားမှသာ ရန်ဘက်နိုင်ငံများနှင့်

စာမျက်နှာ ၉ သို့

**ဟားမတ်စ်စစ်သွေးကြွတို့၏ အကြမ်းဖက်တိုက်ခိုက်မှုမှတစ်ဆင့် လက်တုံ့ပြန်တိုက်ခိုက်ခံရမှုကြောင့် ဂါဇာစီးတီးသည် တစပြင်ပမာ ပျက်စီးသွားခဲ့ရသည်။ အသက်မသေဘဲ ကျန်ရှိသူများမှာလည်း ပိတ်ဆို့ခံထားရမှုကြောင့် စားရေရိက္ခာနှင့် ဆေးဝါးများပြတ်လပ်ကာ ကြီးစွာသောဒုက္ခနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကပေးပို့သော စားရေရိက္ခာများကို အလုအယက် ခွက်ထိုးတောင်းခံနေကြသည့် လူမမည်ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ၏ ပုံရိပ်များမှာလည်း ယဉ်ကျေးသည့်လူသားကမ္ဘာအတွက် မေးခွန်းထုတ်စရာဖြစ်လာရသည်။ သို့သော် လူသားချင်းစာနာထောက်ထားမှုဟု မကြာခဏကြွေးကြော်လေ့ရှိသော နိုင်ငံကြီးများလည်း မတတ်နိုင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဖွဲ့စည်းထားသည်ဟုဆိုသော ကုလသမဂ္ဂလည်းမစွမ်းနိုင်၊ ကမ္ဘာကြီးက လက်မှိုင်ချနေခဲ့ရ**




## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇွန် ၁၉

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မိုး/ဇလ

❍ စာမျက်နှာ ၈ မှ

အင်အားကြီးနိုင်ငံအချို့၏ ဖိအားပေးစွက်ဖက်မှုများ၊ ကျူးကျော်တိုက်ခိုက်မှုများကို ကာကွယ်တားဆီးနိုင်ပြီး နိုင်ငံ၏အနာဂတ်အတွက် စိတ်ချနိုင်မည်ဟူသော အီရန်တို့၏ အနုမာနမှန်းဆမှုများကြားမှ လတ်တလော စစ်မီးထတောက်လာခဲ့သော အစ္စရေး - အီရန် ပဋိပက္ခကလည်း အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ကိန်းဆိုက်လာမည့်အပေါ် ကမ္ဘာ့ပြည်သူများအကြား ရတက်မအေးစရာ ဖြစ်လာရပြန်သည်။ လတ်တလောမှာပင် အဆိုပါပဋိပက္ခကြောင့် ကမ္ဘာ့ရေနံဈေးများ မြင့်တက်လာခဲ့ပေပြီ။

ဗုဒ္ဓဘာသာထွန်းကားပြီး ဘုရား၊ စေတီ၊ ပုထိုးများစွာ တည်ထားကိုးကွယ်မှုကြောင့် Golden Land ဟု ကမ္ဘာပေါ်တွင် ကျော်ကြားခဲ့သော မြန်မာနိုင်ငံသည်လည်း ၂၀၂၁ မြန်မာ့နိုင်ငံရေးပြောင်းလဲမှုနှင့်အတူ အကြမ်းဖက်မှုများမှာ မြန်မာ့သမိုင်းတွင် မကြုံစဖူး ဖြစ်ပေါ်လာခဲ့သည်။ အကြမ်းဖက်သမားတို့၏ ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်မှုများ၊ ဖုံးကွဲပျက်စီးမှုများကြောင့် အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးခဲ့ကြရလေသည်။ မြေပူရာ ကင်းမှောင့်ဆိုသလိုပင် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ဒေသခံပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြန်သည်။

### အဆိုးသံသရာဝဲဩဃထဲမှာပင် တဝဲလည်လည်ဖြစ်

ယခုဆယ်စုနှစ်အတွင်း ကမ္ဘာကြီးသည် အဆိုးသံသရာဝဲဩဃထဲမှာပင် တဝဲလည်လည်ဖြစ်နေသည်။ ကောင်းသတင်းထက် ဆိုးသတင်းများသာ မြင်တွေ့ကြားသိနေရသည်။ ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်သစ်ကို ကမ္ဘာသူ ကမ္ဘာသားများ မျှော်လင့်တောင့်တကြသည်။ လူ့ဘဝရခိုက် ငြိမ်းချမ်းပျော်ရွှင်စွာ လူ့သက်တမ်းစေ့ အသက်ရှင်နေထိုင်လိုကြသည်။ ငြိမ်းချမ်းသာယာဝပြောသော ကမ္ဘာသစ်ကို မည်သို့တည်ဆောက်ကြမည်နည်း။

ကြားနာမှတ်သားခဲ့ဖူးသော တရားတော်တစ်ပုဒ်ကို ဖျတ်ခနဲ သတိရမိသည်။ ၂၀၁၄ ခုနှစ် ကုန်ဆုံး၍ ၂၀၁၅ ခုနှစ် နှစ်သစ်သို့ကူးပြောင်းသည့် အခါသမယတွင် ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသ ဟောကြားခဲ့ဖူးသည့် **"အကြမ်းဖက်မှုမရှိသော မေတ္တာကမ္ဘာ"**တရားတော်။

**"အကြမ်းဖက်မှုတွေ အလွန်များပြားတဲ့ ယနေ့ကမ္ဘာမှာ နိုင်ငံတကာသတင်းတွေ ဖတ်ကြည့်လိုက်မယ်ဆိုရင် လူသားအချင်းချင်း မုန်းတီးမှုကို အကြောင်းပြုပြီးတော့ အကြမ်းဖက်နေကြတာတွေ၊ အားလုံးသိကြတဲ့အတိုင်းပဲ ကမ္ဘာကြီးတစ်ခုလုံးဟာ**

> ✧ **လောကလူသားတွေဟာ အောင်နိုင်မှုမရတဲ့အခါမှာ တုံ့ပြန်မှုတွေ အမျိုးမျိုးနဲ့ တုံ့ပြန်ချင်ကြတယ်။ တုတ်ကိုတုတ်ချင်း၊ လက်နက်ကို လက်နက်ချင်း၊ ဒေါသကိုဒေါသချင်း၊ မာနကိုမာနချင်း ယှဉ်ပြိုင်ရမယ်လို့ မြတ်စွာဘုရား ဘယ်သောအခါမှ မဟောကြားခဲ့ဘူး။**
>
> ✧ **"ဒေါသကို မေတ္တာဖြင့်သာ တုံ့ပြန်ရမယ်လို့၊ မကောင်းတဲ့လူကို ကောင်းတဲ့နည်းနဲ့ တုံ့ပြန်ရမယ်လို့ ဒီလိုမြတ်စွာဘုရားရဲ့ အဆုံးအမ၊ အလွန်အေးချမ်းမှုကိုပေးတဲ့ မေတ္တာကမ္ဘာတည်ဆောက်ဖို့ရာအတွက် အကောင်းဆုံး အဆုံးအမတစ်ခုဖြစ်တယ်။ အဲဒီအဆုံးအမကို လိုက်နာကျင့်သုံးနိုင်ကြမယ်ဆိုရင် မိမိတို့ဒေသ၊ မိမိတို့ရပ်ရွာ၊ မိမိတို့နေရာဌာနလေးဟာ အကြမ်းဖက်မှုကင်းတဲ့ မေတ္တာကမ္ဘာလေးတစ်ခု ဖြစ်လာမှာ သေချာပေါက်ပဲ**

**ဒုစရိုက်တွေလွှမ်းခြုံပြီးတော့ ပူလောင်နေတဲ့ အနေအထားမျိုးကို ရောက်ရှိနေတယ်။**

**"တစ်နိုင်ငံနဲ့တစ်နိုင်ငံ အကြမ်းဖက်တာ၊ ဒေသတစ်ခုနဲ့တစ်ခု အကြမ်းဖက်တာ။ မျိုးစုံနေအောင် အကြမ်းဖက်တာတွေဟာ မကြားချင်အဆုံး၊ အကြမ်းဖက်မှုတွေ မြောက်မြားစွာ တွေ့ရှိနေရပြီ ဖြစ်တယ်ပေါ့။ လောကမှာ သံဝေဂယူစရာ အလွန်ကောင်းတယ်"**ဟု ဆရာတော်ကြီးက ယနေ့ကမ္ဘာ့အခြေအနေကို သုံးသပ်ဟောကြားတော်မူခဲ့သည်။

တစ်ဆက်တည်းမှာပင် အကြမ်းဖက်မှုမရှိသော မေတ္တာကမ္ဘာ ဖန်တီးတည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်း၍ **"ဒီအကြမ်းဖက်မှုတွေ ပျောက်ကင်းအောင်လုပ်နိုင်တဲ့ နည်းတစ်နည်းကတော့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမသာလျှင်ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမနဲ့လွဲပြီးတော့၊ ကင်းပြီးတော့ အကြမ်းဖက်မှုတွေ ကင်းစင်အောင် လုပ်နိုင်မှာမဟုတ်ဘူး။ မြတ်ဗုဒ္ဓရဲ့ တရားကို လိုက်နာကျင့်ကြံအားထုတ်လိုက်မယ်ဆိုရင် အကြမ်းဖက်လိုတဲ့စိတ်ဟာ လုံးဝပျောက်ကွယ်သွားပြီး လောကကြီးတစ်ခုလုံးဟာ ငြိမ်းချမ်းသာယာမှုကို ရရှိမှာဖြစ်တယ်"**ဟု လမ်းပြတော်မူခဲ့သည်။

ဆက်လက်၍ မည်သူ့အကြမ်းဖက်ဖက် မိမိအနေဖြင့် အကြမ်းဖက်မှုကင်းသည့် မေတ္တာကမ္ဘာ၊ မေတ္တာနှလုံးသားကို တည်ဆောက်ထားမည်ဆိုလျှင် ငြိမ်းချမ်းသည့် အနေအထားတစ်ခုကို ရရှိကြမှာဖြစ်သည်ဟု ညွှန်ပြတော်မူသည်။

**"လောကလူသားတွေဟာ အောင်နိုင်မှုမရတဲ့အခါမှာ တုံ့ပြန်မှုတွေအမျိုးမျိုးနဲ့ တုံ့ပြန်ချင်ကြတယ်။ တုတ်ကိုတုတ်ချင်း၊ လက်နက်ကို လက်နက်ချင်း၊ ဒေါသကိုဒေါသချင်း၊ မာနကိုမာနချင်း ယှဉ်ပြိုင်ရမယ်လို့ မြတ်စွာဘုရား ဘယ်သောအခါမှ မဟောကြားခဲ့ဘူး။**

**"ဒေါသကို မေတ္တာဖြင့်သာ တုံ့ပြန်ရမယ်လို့၊ မကောင်းတဲ့လူကို ကောင်းတဲ့နည်းနဲ့ တုံ့ပြန်ရမယ်လို့ ဒီလိုမြတ်စွာဘုရားရဲ့ အဆုံးအမ၊ အလွန်အေးချမ်းမှုကိုပေးတဲ့ မေတ္တာကမ္ဘာတည်ဆောက်ဖို့ရာအတွက် အကောင်းဆုံး အဆုံးအမတစ်ခုဖြစ်တယ်။ အဲဒီအဆုံးအမကို လိုက်နာကျင့်သုံးနိုင်ကြမယ်ဆိုရင် မိမိတို့ဒေသ၊ မိမိတို့ရပ်ရွာ၊ မိမိတို့နေရာဌာနလေးဟာ အကြမ်းဖက်မှုကင်းတဲ့ မေတ္တာကမ္ဘာလေး တစ်ခုဖြစ်လာမှာ သေချာပေါက်ပဲ"**ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

အကြမ်းဖက်မှုကင်းသည့် မေတ္တာကမ္ဘာ တည်ဆောက်နိုင်ရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍လည်း **"မေတ္တာသုတ်တရားတော်မှာ ဟောထားတဲ့အတိုင်းပဲ။ မြတ်စွာဘုရားက သက္ကော၊ လုပ်နိုင်တဲ့သတ္တိရှိဖို့လိုတယ်၊ စွမ်းနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်။ ဥဇူစ သုဟုဇူစ - ကိုယ်အမူအရာ နှုတ်အမူအရာ ရိုးသားတယ်၊ စိတ်ထဲကပါ ရိုးသားတယ်၊ အဲဒီလို ရိုးသားဖြောင့်မတ်ပွင့်လင်းမှသာလျှင် မေတ္တာစိတ်ဆိုတာ ကိန်းဝပ်လာနိုင်တယ်။ ဟန်ဆောင်မှုတွေနဲ့ တစ်ဖက်သားကို တုံ့ပြန်လို့မရဘူး။ ရိုးသားပွင့်လင်းစွာ တုံ့ပြန်ရမှာဖြစ်တယ်။**

**"သုဝစော - တစ်ဖက်သားက အကြံဉာဏ်ပေးလာတဲ့ ကောင်းတဲ့စကားဆိုရင် နားထောင်လွယ်တဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်။ ပြောလို့ဆိုလို့လွယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။ ခေါင်းမာတဲ့ပုဂ္ဂိုလ်တွေ မဖြစ်ရဘူး။ မုဒု- မာန်မာနခက်ထန်မှုမရှိဘဲ စိတ်ဓာတ်အခြေအနေဟာ မာနလွတ်ကင်းပြီးတော့ ပျော့ပျောင်းတဲ့အနေအထားမျိုးရှိရမယ်။ မှန်တာဆိုရင် လက်ခံနိုင်ရမယ်။ အနတိမာနီ - လွန်ကဲတဲ့ မာန်မာနတွေမရှိရဘူး။**

**"န ပရော ပရံ နိကုဗ္ဗေထ ဆိုတဲ့အတိုင်း လူသားအချင်းချင်းဟာ တစ်ဦးနဲ့တစ်ဦး လိမ်ညာတာ၊ လှည့်ပတ်တာမလုပ်ပါစေနဲ့။ နည မညဿ ဒုက္ခမိစ္ဆေယျ - အချင်းချင်းဒုက္ခကို လိုလားတဲ့စိတ်တွေ မရှိကြပါစေနဲ့။ တစ်ဦးဒုက္ခရောက်တာကို တစ်ဦးက မလိုလားပါစေနဲ့ဆိုတဲ့ ဒီစိတ်ဓာတ်တွေမွေးမြူပြီးတော့ ဘယ်သူ့ကိုမှ ဒုက္ခပေးလိုတဲ့စိတ်မရှိအောင် မိမိကိုယ်တိုင်ကစတင်ပြီးတော့ ကျင့်သုံးရမှာဖြစ်တယ်။**

**"မိမိကိုယ်တိုင်တည်ဆောက်ပြီးတဲ့အခါ မိမိရဲ့ ပတ်ဝန်းကျင်မှာ တည်ဆောက်ရမယ်။ မိမိပတ်ဝန်းကျင်ကနေ တဖြည်းဖြည်းတိုးချဲ့သွားပြီး မေတ္တာကမ္ဘာကြီးတစ်ခုကို ဖန်တီးတည်ဆောက်သွားနိုင်မယ်ဆိုရင် အောင်မြင်မှုကိုရမှာပါ"** စသည်ဖြင့် ဆရာတော်ကြီးက ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါသည်။

### ကမ္ဘာသူ ကမ္ဘာသား၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့အတွက် လိုက်နာအပ်သည့် ကျင့်စဉ်တစ်ခုဖြစ်

မြတ်စွာဘုရားရှင်၏ မေတ္တာသုတ်တရားတော်သည် မြတ်ဗုဒ္ဓကို ယုံကြည်ကိုးကွယ် ဆည်းကပ်ကြသည့် ဗုဒ္ဓဘာသာဝင်များအတွက်သာမဟုတ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလိုလားသည့် ငြိမ်းချမ်းစွာနေထိုင်လိုကြသည့် ကမ္ဘာသူ ကမ္ဘာသား၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့အတွက် လိုက်နာအပ်သည့် ကျင့်စဉ်တစ်ခုဖြစ်သည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက်မူ အထူးဆိုဖွယ်ရာပင်မရှိချေ။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများအနေဖြင့် မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ လိုက်နာကျင့်ကြံပွားများခြင်းဖြင့် ငြိမ်းချမ်းသာယာသော မြန်မာ့လူ့ဘောင်ကို ကိုယ်စီကိုယ်င ဖန်တီးတည်ဆောက်ကြရပေမည်။ ထို့အတူ ကမ္ဘာ့ခေါင်းဆောင်များနှင့် ကမ္ဘာ့ပြည်သူများအနေဖြင့်လည်း လူသားအချင်းချင်း တစ်ဦးဒုက္ခရောက်သည်ကို တစ်ဦးက လိုလားစိတ်မထားဘဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ချစ်ကြည်ရင်းနှီးစွာ မေတ္တာပေါင်းကူးတုံ့ပြန်ခြင်းဖြင့် မေတ္တာကမ္ဘာကြီးတစ်ခုကို တည်ဆောက်ကြရပေမည်။ အဆိုးတရားများကို အဆိုးတရားဖြင့်သာ တုံ့ပြန်နေပါက ရန်လိုမုန်းတီးစိတ်များ ပိုမိုတိုးပွားကာ ယနေ့ကမ္ဘာသည် အဆိုးသံသရာထဲက ရုန်းမထွက်နိုင်ဘဲ အဆိုးသံသရာထဲတွင်သာ တဝဲလည်လည် လည်လျက်ရှိမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ကျိုက်မရောမြို့နယ်၌ (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်းအတွက် အလှူငွေများပေးအပ်လှူဒါန်း

ကျိုက်မရော ဇွန် ၁၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ YMBA အသင်းနှင့် ဟိတရေဖောင်ဒေးရှင်းတို့ ကြီးမှူးကျင်းပသော (၃၈)ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်း အထောက်အကူပြုရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၈ ရက်က ရသေ့ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မော်လမြိုင်မြို့ မဟာမြိုင်ပရိယတ္တိစာသင်တိုက်မှ (ပ) သုံးလုံး သာသနာပြုအကျော် (၁၅) ဘွဲ့ရ ဘဒ္ဒန္တဝိမလာဘိဝံသ (ဟိတရေ) ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်ထံမှ တရားဒေသနာတော်များ ခံယူနာကြားကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် မော်လမြိုင်မြို့ ချမ်းမြေ့ဂုဏ်ဆေးရုံမှ အလှူရှင်များက အလှူငွေများကို ကျိုက်မရောမြို့နယ် YMBAအသင်းသို့ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကျိုက်မရော (ပြန်/ဆက်)



# ကယားပြည်နယ်ဝန်ကြီးချုပ် ဌာနဆိုင်ရာရုံး၊ ဝန်ထမ်းအိမ်ရာနှင့် အားကစားကွင်းများပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး




**လွိုင်ကော် ဇွန် ၁၉**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက်ရှိ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့သည့် ဒေါဥခူရပ်ကွက်ရှိ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ကယားပြည်နယ် အမျိုးသားရေကူးကန် ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် ဘောလုံးအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်လက်ရွေးစင် ဘောလုံးအားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကိုလည်းကောင်း၊ ဖူဆယ်အားကစားရုံ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ပြည်နယ်နှင့် မြို့နယ်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြင်ဆင်ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ရှမ်းပြည်နယ်အတွင်းရှိ အချုပ်ထောင်၊ အကျဉ်းထောင်၊ အသက်မွေးမှုအတတ်သင်စခန်းနှင့် ရဲစခန်း အချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ တောင်ကြီးအချုပ်ထောင်ကို ဇွန် ၁၈ ရက်တွင်လည်းကောင်း၊ ညောင်ရွှေအကျဉ်းထောင်၊ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ ကလောမြို့နယ်ရှိ အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်းနှင့် ကလောမြို့မရဲစခန်း အချုပ်ခန်းတို့ကို ဇွန် ၁၉ ရက်တွင်လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် တောင်ကြီးအချုပ်ထောင်၊ ညောင်ရွှေအကျဉ်းထောင်နှင့် တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့်အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အထူးကုဆရာဝန်ကြီးများနှင့် ပြသရန်လိုအပ်သော အကျဉ်းသား၊ အကျဉ်းသူလူနာများအား ပြည်သူ့ဆေးရုံကြီးများသို့ ပို့ဆောင်ကုသပေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု၊ စာကြည့်တိုက်စီစဉ်ထားရှိမှု၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနေမှု၊ စာရိတ္တပြုပြင်ပြောင်းလဲပေးမှု၊ လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းရန် ဆောင်ရွက်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ခွဲခြားဆက်ဆံမှုရှိ၊ မရှိ၊ ယုံကြည်ကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြုကိုးကွယ်နိုင်မှု ရှိ၊ မရှိတို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကိုလည်း တွေ့ဆုံမေးမြန်းမှတ်တမ်းတင်သည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်းများ၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်များ၊ သုံးရေချိုးရေကန်များနှင့် အတွင်း၊ အပြင် မိလ္လာများစသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသော အကျဉ်းသား အကျဉ်းသူများကို သွားရောက်တွေ့ဆုံကာ ဆေးဝါးကုသပေးနေမှုအခြေအနေကို ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

အကျဉ်းထောင်၊ အချုပ်ထောင်၊ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအသီးသီးရှိ အကျဉ်းသားများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် သုတ၊ ရသ၊ ကျန်းမာရေးနှင့် ဘာသာရေးဆိုင်ရာ စာအုပ်စာပေများကို လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်းနှင့် ကလောမြို့မရဲစခန်း အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလ အခြေအနေ၊ အချုပ်ခန်းများအတွင်း နေထိုင်စဉ်နှင့် အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ တရားရုံး ရုံးထုတ်ချိန်အတွင်း စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ၊ မရှိ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

သတင်းစဉ်

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများပေးအပ်ပွဲ ကျင်းပ

**မော်လမြိုင် ဇွန် ၁၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းသည် ဝန်ထမ်းဖြစ်သူ မိဘများအတွက် အထိုက်အလျောက် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ သင်ကြားရသည့် အတန်းပညာ၊ စာပေပညာများကို တတ်မြောက်အောင်၊ ထူးချွန်အောင် လေ့ကျင့်သင်ကြားကြစေလိုကြောင်း၊ စာသင်ကျောင်းများတွင် သင်ကြားသည့် အတန်းပညာများသာမက အခြားဗဟုသုတနှင့် လူမှုကျင့်ဝတ်ဆိုင်ရာများကိုလည်း လေ့လာသင်ယူပြီး လူတော်များ၊ လူရည်ချွန်များဖြစ်ရန် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။




**ပေးအပ်**

ထို့နောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူ ခုနစ်ဦးအား ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ပန်းဘဲတန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးချိတ်ဆွဲထားရှိမှု ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မူမူဝင်းနှင့် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းလင်းအောင်တို့ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသောကြေညာချက်ဗီနိုင်းကို ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၉

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၊ ဆွမ်းဦးပုညရှင်စေတီတော်နှင့် ရတနာစေတီ ဆင်များရှင်ဘုရားကြီးတို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ဒေသခံပြည်သူများနှင့်အတူ အဖွဲ့အစည်းအသီးသီး ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် ဘက်စုံ ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်အားပေးဆောင်ရွက် နေကြသူများအား အင်အားဖြည့် အချိုရည်များပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၌ ဘက်စုံပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် သကျသီဟ သီလရှင်စာသင်တိုက်၊ ဇမ္ဗူမင်္ဂလာဆုတောင်းပြည့်ဘုရား၊ စိန်ရတနာကျောင်းတိုက်နှင့် ရတနာအောင်မြင်ကျောင်းတိုက်တို့၌ ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများကိုအဖွဲ့အစည်းအသီးသီးက စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှု၊ မဟာစည်းခုံကြီးစေတီတော် ပရိဝုဏ်အတွင်း၌ ငလျင်ဒဏ်သင့် ပြည်သူများ နေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ်ပြီးစီးမှု၊ စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်သင့် လူနေအဆောက်အအုံများ၊ လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာများရှိ အပြိုအပျက်များကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စက်ယန္တရားကြီးများ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ အရှိန်အဟုန်မြင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး လုပ်အားပေးဆောင်ရွက် နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ချမ်းအေးသာစံမြို့နယ်၌ အဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ ဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး အပျက်အစီးများ ဖယ်ရှား ရှင်းလင်းဆောင်ရွက်ပြီးစီးမှု၊ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်နေရာတွင် ငြမ်းများ စနစ်တကျဆင်၍ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဂန္ဓကုဋိတိုက် ပိုမိုခိုင်ခံ့စေရန်အတွက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဘုရားကြီး၏ နောက်ကျောတော်နေရာတွင် ပြိုကျပျက်စီးသွားသည့် တိုင်များကို ပြန်လည်တည်ဆောက်ရန်အတွက် တိုင်ကျင်းများ တူးဖော်ထားရှိမှုနှင့် ချိတ်ဆွဲရတနာပြတိုက်အတွင်း မဟာမုနိဘုရားကြီး၏ ထီးတော်နှင့် စိန်ဖူးတော်အား ပူဇော်ခံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ် မဟာအောင်မြေအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ် အလယ်ရပ်ကွက်နှင့် အနောက်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်ရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဘာသာရေးအဆောက်အအုံများ မွမ်းမံပြင်ဆင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းငွေများပေးအပ်

ရန်ကုန် ဇွန် ၁၉

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘာသာရေးအဆောက်အအုံများ မွမ်းမံပြင်ဆင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းငွေများ ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၇ ရက်က ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်နှင့် ကော်မတီဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်နှင့် ကော်မတီဝင်များ၊ အသင်းမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ကြက်ခြေနီစေတနာ လုပ်အားရှင်များ တက်ရောက်ကြသည်။



လှူဒါန်းမှုအနေဖြင့် စစ်ကိုင်းမြို့ရှိ ရွှေဟင်္သာတိုက်သစ်ကျောင်းအတွက် ငွေကျပ် သိန်း ၅၀၀၊ ရတနာသိဂ္ဂီ(ပရဟိတ) သီလရှင်စာသင်တိုက်အတွက် ငွေကျပ်သိန်း ၅၀၀၊ ခရစ္စတီယာန်သခင်မဘုရားကျောင်းအတွက် ငွေကျပ်သိန်း၂၅၀၊ အောင်မြေသာစံမြို့နယ်ရှိ ကာသီဒြယ်ဘုရားကျောင်းအတွက် ငွေကျပ်သိန်း ၁၀၀၊ စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာရှိ စိန့်ဂျော်ကင်နှင့် စိန့်အန်နား ကက်သလစ်ခရစ်ယာန်ဘုရားကျောင်းအတွက် ငွေကျပ် သိန်း ၁၅၀၊ အမရပူရမြို့နယ် ဖုံးအိုးကျေးရွာရှိ ဖုံးအိုးအရှေ့ဇလီအတွက် ငွေကျပ်သိန်း ၂၅၀၊ အစ္စလာမ်ဇာရိုကီရာ စာသင်ကျောင်းအတွက် ငွေကျပ်သိန်း ၂၅၀၊ အောင်မြေသာစံမြို့နယ်ရှိ အမ်ဘီကာမယ်တော်ကြီး ဟိန္ဒူဘာသာရေးကျောင်း အတွက် ငွေကျပ်သိန်း ၂၅၀၊ စစ်ကိုင်းမြို့ရှိ သီရိဆသ်နရ်ယန် ဟိန္ဒူဘုရားကျောင်းအတွက် ငွေကျပ်သိန်း ၂၅၀ တို့ကို လှူဒါန်းခဲ့သည်။

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဘာသာရေးအဆောက်အအုံများ မွမ်းမံပြင်ဆင်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စုစုပေါင်း ငွေကျပ်သိန်း ၂၅၀၀ တိတိကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စိုက်ပျိုးရေးအထောက်အကူပြု AI ဉာဏ်ရည်တု နည်းပညာ ပြန့်ပွားရေးဆောင်ရွက်

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေသည့် AI ဉာဏ်ရည်တုနည်းပညာပြန့်ပွားရေးလုပ်ငန်းကို ယနေ့မွန်းလွဲပိုင်းက ကျွန်းရောင်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြေသိန်းက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ ဖုန်းထဲသို့ Software များ ထည့်သွင်းပေးခြင်း၊ အသုံးပြုသည့် နည်းလမ်းများ စမ်းသပ်ပြသခြင်း စသည့်ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ဇေယျာသီရိမြို့နယ်၌ ယနေ့အထိ ကျေးရွာပေါင်း ၁၆ ရွာ၊ ဝန်ထမ်းနှင့် တောင်သူစုစုပေါင်း ၁၅၀ တို့ကို AI ဉာဏ်ရည်တုနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



# ပုသိမ်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အပတ်စဉ်(၄၀) သူနာပြု-သားဖွား ဒီပလိုမာသင်တန်း ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ ကျင်းပ

**ပုသိမ် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများသည် ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ပြုလုပ်သည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (ပုသိမ်) အပတ်စဉ်(၄၀) သူနာပြု-သားဖွား ဒီပလိုမာ သင်တန်းဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပုသိမ်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု)၊ ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုအုပ်ကြီးတို့က သင်တန်းသူများအား ဦးဆောင်းများကိုလည်းကောင်း၊ ပုသိမ်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအုပ်က သင်တန်းသားများအား ဂျူတီကုတ်များကိုလည်းကောင်း အသီးသီး အပ်နှင်းခဲ့ပြီး သင်တန်းသား သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်ဆုရရှိသည့် ပထမနှစ် သင်တန်းသူများအား ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ ပုသိမ်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက ထူးချွန်ဆုရရှိသည့် ဒုတိယနှစ်မှ သင်တန်းသူများကို ဆုများဆက်လက်ချီးမြှင့်ခဲ့သည်။ ထို့နောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် သင်တန်းသား သင်တန်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(ပုသိမ်) အပတ်စဉ်(၄၀) သူနာပြု-သားဖွား ဒီပလိုမာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၇၆ ဦးအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






# ခိုလမ်မြို့ တုန်ဟုန်းကျေးရွာ၌ ပထမအကြိမ် မိုးရာသီ လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

**နေပြည်တော် ဇွန် ၁၉**

၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ တုန်ဟုန်းကျေးရွာ၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီလူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးမည့် ရတနာတန်းဝင် ကျွန်းပျိုးပင်များကို ဌာနဆိုင်ရာဝန်ထမ်းများအား ပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျွန်းပျိုးပင်များကို သတ်မှတ်နေရာများအလိုက် စိုက်ပျိုးကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျွန်းပျိုးပင်များ စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ပထမအကြိမ်မိုးရာသီ လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပျိုးပင် စုစုပေါင်းအပင် ၁၂၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဖျာပုံခရိုင်နှင့် မအူပင်ခရိုင် စိုက်ပျိုးရေးသမဝါယမအသင်းများအတွက် အထွက်တိုးမျိုးစပါး၊ သွင်းအားစုများနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်

**နေပြည်တော် ဇွန် ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လယ်ကိုင်းကျေးရွာသို့ သွားရောက်၍ အပ်ချုပ်နည်းပညာသင်တန်းနှင့် ဆိုင်ကယ်ပြင်သင်တန်း တက်ရောက် အောင်မြင်ခဲ့ပြီး ကိုယ်ပိုင်လုပ်ငန်း ထူထောင်နေသည့် ဒေါ်နွယ်နွယ်ဝင်း၏ နွယ်နွယ်ဝင်း အပ်ချုပ်လုပ်ငန်းနှင့် ဒေါ်ယမင်းခိုင်၏ မေမြင့်မိုရ်အပ်ချုပ်လုပ်ငန်းတို့ကိုလည်းကောင်း၊ ကိုသိန်းသန်းနှင့် ကိုဖြိုးတို့၏ ဆိုင်ကယ်ပြင် လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ယင်းနောက် မအူပင်မြို့ တိုးရွှေဝါခန်းမတွင် ဖျာပုံခရိုင်နှင့် မအူပင်ခရိုင် မြို့နယ် ရှစ်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်း ၃၃ သင်းအတွက် ငွေကျပ် ၂၇၅၂ သန်း တန်ဖိုးရှိ အထွက်တိုးမျိုးစပါး၊ သွင်းအားစုများနှင့် မျိုးစေ့ချကိရိယာ (Drum Seeder) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများက အထွက်တိုးမျိုးစပါးများဖြစ်သော GW-11 ဆာဖိုးသာ၊ နယူးရောဝ၊ မော်ဘီ-၃ မျိုးများ၊ သွင်းအားစုများ၊ မျိုးစေ့ချကိရိယာ (Drum Seeder) များ ပေးအပ်ခဲ့ကြရာ မြို့နယ်အလိုက် အသင်းအမှုဆောင်များက လက်ခံရယူကြပြီး အသင်းသား တောင်သူများ၏ ဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကွမ်းခြံချောင်းခေတ်မီစံပြကျေးရွာ (Smart Village)သို့ သွားရောက်၍ ကျေးရွာဓမ္မာရုံတွင် ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက ကွမ်းခြံချောင်းခေတ်မီစံပြကျေးရွာအတွက် စီမံကိန်းကာလ ငါးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ခေတ်မီစံပြကျေးရွာ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ မြို့နယ်အတွင်းရှိ အခြားကျေးရွာများထက် ထူးခြားသာလွန် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ခေတ်မီစံပြကျေးရွာအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်ရာ ကျေးရွာကော်မတီဝင်များက လက်ခံရယူပြီး ကျေးရွာသူကျေးရွာသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ် ထနီးချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

**မအူပင် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သဘာဝရေပြင်များအတွင်း ငါးမျိုး စိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထနီးကျေးရွာ ထနီးချောင်းတွင် ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထနီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ ရေလုပ်သားအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၈၀ ခန့်က ထနီးချောင်း သဘာဝရေပြင်အတွင်းသို့ တလုပ်လှ ငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်းစခန်းတို့မှ သားဖောက်ထုတ်လုပ်သော ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ထိုင်းငါးခုံးမကြီးသားပေါက်ကောင်ရေ ၇၅၀၀၀ နှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၃၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၇၅၀၀၀ ကို စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဂျပန်ကေရာဇ် နာရူဟီတိုနှင့် ကြင်ရာတော် မာဆာကိုတို့ ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့သည့် နှစ် (၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပရာ ဟီရိုရှီးမားမြို့သို့ သွားရောက်

**တိုကျို ဇွန် ၁၉**

ဂျပန်ကေရာဇ် နာရူဟီတိုနှင့် ကြင်ရာတော် မာဆာကိုတို့ ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့သည့် နှစ် (၈၀) ပြည့် အထိမ်းအမှတ်အဖြစ် နျူကလီးယားဗုံးကြဲခံခဲ့ရသော ဟီရိုရှီးမားမြို့သို့ နှစ်ရက်ကြာ သွားရောက်ခဲ့ကြောင်း သိရသည်။

ဂျပန်ကေရာဇ်နှင့် ကြင်ရာတော်တို့သည် ဟီရိုရှီးမားမြို့သို့ ယနေ့မွန်းတည့် မတိုင်မီ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ယခုခရီးစဉ်သည် ကေရာဇ်နာရူဟီတို နန်းတက်သည့် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးခရီးစဉ် ဖြစ်သည်။



မွန်းလွဲပိုင်းတွင် ကေရာဇ်မင်းမြတ်နှင့် ကြင်ရာတော်တို့သည် ငြိမ်းချမ်းရေး အထိမ်းအမှတ်ပန်းခြံသို့ သွားရောက်ကြသည်။

ထို့ပြင် ကျဆုံးစစ်သည်တော်များ အထိမ်းအမှတ် ကျောက်တိုင်ရှေ့၌ ဦးညွှတ်ပြီး လွမ်းသူ့ပန်းခွေများ ချခဲ့ကြသည်။

အဆိုပါ ကျဆုံးစစ်သည်တော်များ အထိမ်းအမှတ်ကျောက်တိုင်၌ နျူကလီးယားဗုံးကြောင့် ဓာတ်ရောင်ခြည် ထိတွေ့ပြီး သေဆုံးသွားသူ ၃၄၀၀၀၀ ကျော်၏အမည်များကို စာရင်းပြုစုထားသည်။

ထို့နောက် ကေရာဇ်မောင်နှံတို့သည် လွန်ခဲ့သောသုံးနှစ်က ဖွင့်လှစ်ခဲ့သော နျူကလီးယားဗုံး အကြွင်းအကျန်များ ပြပွဲသို့ သွားရောက်ခဲ့သည်။ အဆိုပါပြပွဲတွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် နေအိမ်အကြွင်းအကျန်များကိုပါ ပြသထားကြောင်း သိရသည်။

ဆက်လက်၍ ကေရာဇ်မောင်နှံတို့သည် ဟီရိုရှီးမားငြိမ်းချမ်းရေးအောက်မေ့ဖွယ်ပြတိုက်သို့ သွားရောက်လည်ပတ်ခဲ့ကြပြီး ဟီရိုရှီးမားနှင့် နာဂါဆာကီ နျူကလီးယားဗုံးကြဲချမှုမှ လွတ်မြောက်ခဲ့ကြသူများ ပါဝင်သော အဖွဲ့အစည်း Nihon Hidankyo အား ယမန်နှစ်က ပေးအပ်ချီးမြှင့်သည့် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုတံဆိပ်နှင့် လက်မှတ်ပုံစံတူများကို ကြည့်ရှုခဲ့ကြသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ဟီရိုရှီးမားမြို့သို့ ကြဲချခဲ့သော အဏုမြူဗုံးကြောင့် လူပေါင်း ၁၄၀၀၀၀ ခန့် သေဆုံးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ငြိမ်းချမ်းရေးကို ရှေးရှုသည့် အီရန်နျူကလီးယား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ရုရှား ထောက်ပံ့မည်

**စိန့်ပီတာစဘတ် ဇွန် ၁၉**

ရုရှားနိုင်ငံသည် ငြိမ်းချမ်းရေးကို ရှေးရှုသည့် အီရန်၏နျူကလီးယား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် အစ္စရေး၏ အမျိုးသားလုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က စိန့်ပီတာစဘတ်မြို့တွင် ကမ္ဘာ့နိုင်ငံများမှ သတင်းအေဂျင်စီများနှင့် ယနေ့ တွေ့ဆုံစဉ် ပြောကြားသည်။

ရုရှားနိုင်ငံအနေဖြင့် အီရန်နျူကလီးယားအရေးနှင့်ပတ်သက်ပြီး အစ္စရေး၊ အမေရိကန်တို့နှင့် ဆွေးနွေးပြီးနောက် ဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများကို အီရန်အစိုးရအား ပြန်လည်အသိပေးပြောကြားခဲ့ကြောင်း ပူတင်က ပြောကြားသည်။

ထို့ပြင် အီရန်နျူကလီးယားအရေးအတွက် အနီးစပ်ဆုံး အဖြေကို အဆိုပြုတင်ပြခဲ့ကြောင်း သမ္မတ ပူတင်က ဆက်လက်ပြောကြားသည်။

ရုရှားနှင့် အီရန်နှစ်နိုင်ငံအကြား နျူကလီးယားနည်းပညာများကို စိုက်ပျိုးမွေးမြူရေးနှင့် ဆေးပညာဆိုင်ရာနယ်ပယ်များတွင် အသုံးပြုရန် သဘောတူထားကြောင်း ၎င်းက ပြောကြားသည်။

ဘတ်ရှားနျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှု အပါအဝင် အီရန်၏အရပ်ဘက်နျူကလီးယားအစီအစဉ်တွင် ရုရှား၏ ပါဝင်ပတ်သက်မှုကို ပူတင်က ထပ်လောင်းအတည်ပြု ပြောကြားသည်။

ရုရှားနိုင်ငံက အီရန်၏ ဘတ်ရှားနျူကလီးယားစက်ရုံတွင် နောက်ထပ် ဓာတ်ပေါင်းဖိုနှစ်လုံး တည်ဆောက်ရန် သဘောတူစာချုပ် ချုပ်ဆိုထားပြီး ရုရှားနိုင်ငံမှ ကျွမ်းကျင်သူ ၂၀၀ ကျော်သည် လက်ရှိတွင် အဆိုပါနျူကလီးယားစက်ရုံ၌ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မော်စကိုသည် ဘတ်ရှားနျူကလီးယားစက်ရုံတွင် ဓာတ်ပေါင်းဖိုများ တည်ဆောက်နေစဉ် တိုက်ခိုက်မှုများ မဖြစ်ပွားစေရန် အတွက် အစ္စရေးအာဏာပိုင်များနှင့် သဘောတူညီမှု ရရှိထားကြောင်း သမ္မတ ပူတင်က ဆက်လက်ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တောင်ပစိဖိတ်ဒေသတွင် နျူကလီးယားစမ်းသပ်မှုများကြောင့် ကျန်းမာရေးထိခိုက်ခံစားရသူများအား လျော်ကြေးပေးရန် ပြင်သစ်ပါလီမန်က အစိုးရအား တောင်းဆို

**ပါရီ ဇွန် ၁၉**

ပြင်သစ်ပါလီမန်သည် တောင်ပစိဖိတ်ဒေသတွင် နှစ်ပေါင်း ၃၀ ကြာ ပြုလုပ်ခဲ့သည့် နျူကလီးယား စမ်းသပ်မှုများ အတွက် တောင်းပန်ရန်နှင့် ကျန်းမာရေး ထိခိုက်ခံစားရသူများ အတွက် လျော်ကြေးဥပဒေကို ပြင်ဆင်ရန် ပြင်သစ်အစိုးရအား တောင်းဆိုခဲ့သည်။

ပြင်သစ်နိုင်ငံသည် ပြင်သစ်ပိုလီနီးရှားဒေသတွင် ၁၉၆၆ ခုနှစ်မှ နှစ်ပေါင်း ၃၀ အတွင်း နျူကလီးယားစမ်းသပ်မှု ၁၉၃ ခု ပြုလုပ်ခဲ့သည်။ အဆိုပါစမ်းသပ်မှုများကြောင့် ဒေသခံများသည် ကင်ဆာ အပါအဝင်အခြားသောကျန်းမာရေး ပြဿနာများ ခံစားနေရသည့်အတွက် ပြင်သစ်အစိုးရအား လျော်ကြေးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်တွင် ပြင်သစ်ပါလီမန် အောက်လွှတ်တော်သည် ဓာတ်ရောင်ခြည်သင့်ခံရသူများ၏ ထိတွေ့မှုပမာဏနှင့် လျော်ကြေးပေးခြင်း ရှိ၊ မရှိတို့ကို စုံစမ်းစစ်ဆေးရန် ပါတီစုံကော်မတီ တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။

အဆိုပါ ကော်မတီသည် ၎င်း၏ တွေ့ရှိချက်များကို ဇွန် ၁၇ ရက်တွင် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြခဲ့သည်။

စမ်းသပ်မှုများ ပြုလုပ်ခဲ့သည့် အစိုးရနှင့် ပစိဖိတ်စမ်းသပ်ရေး စင်တာက ရလဒ်အတွက် တာဝန်ခံကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရေဒီယို သတ္တိကြွမှုများ၏ ကျန်းမာရေးအကျိုးဆက်များကို လျော့ပါးစေရန်အတွက် စမ်းသပ်မှုများနှင့် ဓာတ်ရောင်ခြည် ကာကွယ်ရေး အစီအမံများ၏ အန္တရာယ်များကို ဒေသခံများနှင့် ဝန်ထမ်းများအား ကောင်းစွာအသိမပေးဘဲ အကန့်အသတ်ဖြင့်သာ အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိ လျော်ကြေးဥပဒေတွင် ကန့်သတ်ချက်များ တွေ့ရှိရပြီး ဓာတ်ရောင်ခြည်ကြောင့်ဖြစ်သော ကင်ဆာနှင့် အခြားရောဂါများ ဖြစ်ပေါ်လာသော ဓာတ်ရောင်ခြည် သင့်မှုအဆင့်တစ်ခုနှင့် ထိတွေ့ခံရသူများကိုသာ လျော်ကြေးပေးမည် ဖြစ်ကြောင်း သိရသည်။

ပြင်သစ်ပိုလီနီးရှား၏ ဥပဒေအရ နျူကလီးယား စမ်းသပ်မှုများကို ထပ်ခါတလဲလဲပြုလုပ်ခဲ့သည့်အတွက် ပြင်သစ်အစိုးရက တောင်းပန်မှုတစ်ခု ပြုလုပ်ရမည်ဖြစ်သည်။

ပြင်သစ်ပါလီမန်သည် အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ ဥပဒေကို ပြင်ဆင်ရန် လုပ်ထုံးလုပ်နည်းများနှင့် အခြားလိုအပ်သောအဆင့်များကို လုပ်ဆောင်ရန် မျှော်လင့်ရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံးဆိုလာပြားထုတ်လုပ်ရေးစက်ရုံ ဖွင့်လှစ်

**ဂျကာတာ ဇွန် ၁၉**

အင်ဒိုနီးရှားနိုင်ငံ၏အကြီးဆုံးဆိုလာပြား ထုတ်လုပ်ရေးစက်ရုံကို စက်မှုလုပ်ငန်းဝန်ကြီး အေဂတ်စ်ဂူမီဝမ် ကာတာဆက်မီတာက ယနေ့ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းဆိုလာပြား ထုတ်လုပ်ရေးစက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား တစ်ဂီဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသည်။

ယခုကဲ့သို့ဆိုလာဆဲလ်များနှင့် ဆိုလာပြားများကို တစ်နေရာတည်းတွင် ပေါင်းစပ်ထုတ်လုပ်သည့်စက်ရုံတစ်ခု ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ စက်မှုလုပ်ငန်းဂေဟစနစ်ကို ဖန်တီးရန် ကြိုးပမ်းမှုတစ်ခုဖြစ်ကြောင်း အလယ်ဂျာဗားပြည်နယ် ကန်ဒယ်စက်မှုအိမ်ရာတွင် ကျင်းပသည့် စက်ရုံဖွင့်ပွဲအခမ်းအနားတွင် စက်မှုလုပ်ငန်းဝန်ကြီး အေဂတ်စ်ဂူမီဝမ် ကာတာဆက်မီတာက ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် ၂၀၂၅ ခုနှစ်မှ ၂၀၃၄ ခုနှစ် ကာလအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ လျှပ်စစ်ဓာတ်အား ၅၂ ဒသမ ၈ ဂီဂါဝပ် ထုတ်လွှတ်နိုင်ရန် ရည်မှန်းထားသည်။

လက်ရှိအချိန်တွင် ပြည်တွင်း၌ ထုတ်လုပ်သည့် ဆိုလာပြားများကို ပြည်ပမှတင်သွင်းလာသည့် ဆိုလာပြားများထက် အရည်အသွေးကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

အနာဂတ်တွင် ဆိုလာပြားစက်မှုလုပ်ငန်းသည် နည်းပညာထောက်ပံ့သူအဖြစ်သာမက နိုင်ငံပိုင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စက်မှုလုပ်ငန်းကို အထောက်အကူဖြစ်လာမည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## လှိုင်းဘွဲ့မြို့ မြို့မဈေး၌ စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှု သရုပ်ပြပွဲဆောင်ရွက်



လှိုင်းဘွဲ့ ဇွန် ၁၉

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ စွန့်ပစ်အမှိုက်များ ခွဲခြားစွန့်ပစ်နိုင်စေရေးအတွက် ဈေးသူဈေးသားများအား အသိပညာပေးသရုပ်ပြပွဲကို လှိုင်းဘွဲ့မြို့ မြို့မဈေးအတွင်း၌ ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

**ပူးပေါင်းပါဝင်**

စွန့်ပစ်အမှိုက် ခွဲခြားစွန့်ပစ်မှု သရုပ်ပြပွဲ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဈေးသူဈေးသားများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးကျော်နိုင်ဦးက စွန့်ပစ်အမှိုက်များကို ခွဲခြားစွန့်ပစ်ရာတွင် အမှိုက်စို၊ အမှိုက်ခြောက်၊ ဘေးအန္တရာယ်ရှိအမှိုက်၊ ပလတ်စတစ် အမှိုက်များကို ခွဲခြား၍ စနစ်တကျစွန့်ပစ်ပေးနိုင်စေရေး၊ ဈေးနှင့် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်ကြသော ပြည်သူများအနေဖြင့်လည်း အမှိုက်သိမ်းယာဉ်များပေါ်သို့ အမှိုက်များ စွန့်ပစ်ကြလျှင် ယခုကဲ့သို့ အမှိုက်များကို ခွဲခြားစွန့်ပစ်ပေးကြစေလိုကြောင်း၊ မိမိတို့မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ပြည်သူများ ပူးပေါင်းပါဝင်ကူညီပေးကြစေလိုကြောင်း ပညာပေးရှင်းပြခဲ့ကြောင်း သိရသည်။

စောဒီ(ပြန်/ဆက်)

## ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခွဲခြားစွန့်ပစ်ရမည့် အမှိုက်အမျိုးအစားများ ရှင်းလင်းပြောကြား



ရန်ကုန် ဇွန် ၁၉

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ Shopping Mall များနှင့် အဆင့်မြင့်အရောင်းဆိုင်ကြီးများမှ တာဝန်ရှိသူများအား အမှိုက်အမျိုးအစား လေးမျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့် ခွဲခြားစွန့်ပစ်ရမည့် အမှိုက်အမျိုးအစားများအား ရှင်းလင်းပြောကြားခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲရုံး၌ ပြုလုပ်သည်။

ထိုသို့ရှင်းလင်းပြောကြားရာတွင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးချို့ထွန်းအောင်က Shopping Mall များနှင့် အဆင့်မြင့်အရောင်းဆိုင်ကြီးများသည် အများပြည်သူသွားလာသော နေရာများဖြစ်သည့်အတွက် အမှိုက်များ ခွဲခြားစွန့်ပစ်ရန်စီစဉ်ထားခြင်းအားဖြင့် ပြည်သူများအနေဖြင့်လည်း သိမြင်ထိတွေ့ကာ သတ်မှတ်ထားသည့် အမှိုက်ခွဲခြားနည်းအတိုင်း ခွဲခြားစွန့်ပစ်နိုင်မည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ဈေးများ၊ ကော်မတီလက်အောက်ရှိ ရုံးများ၊ ကျောင်းများတွင်လည်း အမှိုက်ခွဲခြားစွန့်ပစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူးက ခွဲခြားစွန့်ပစ်ရမည့် အမှိုက်အမျိုးအစား လေးမျိုးနှင့် ခွဲခြားထားသည့် အမှိုက်များအရ စွန့်ပစ်ရမည့် အမှိုက်အမျိုးအစားများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ကိုထက်

## အလုံခရိုင်၌ အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်နည်း အသိပညာပေးသရုပ်ပြ

ရန်ကုန် ဇွန် ၁၉

အလုံခရိုင်၌ အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်နည်း အသိပညာပေးသရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အသိပညာပေးသရုပ်ပြပွဲတွင် အလုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းသိန်းက ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများနှင့် ဈေးများအပါအဝင် လူမှုပတ်ဝန်းကျင်အသီးသီး၌ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် အမှိုက်ခွဲခြားစွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိရေး အသိပညာပေးဟောပြောသည်။ ထို့နောက် ခရိုင်စည်ပင်သာယာရေးအဖွဲ့အုပ်ချုပ်ရေးမှူးက ခွဲခြားစွန့်ပစ်ရမည့် အမှိုက် လေးမျိုးအား သတ်မှတ်အမှိုက်ပုံးများအတွင်း စနစ်တကျစွန့်ပစ်ရန်နှင့် စွန့်ပစ်ရမည့် ပုံစံများကို ရှင်းလင်းပြောကြားသည်။



အဆိုပါ အသိပညာပေးသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း/အမှုထမ်းများ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးစာစောင်ဖြန့်ဝေ



ပေါင် ဇွန် ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးစာစောင် အခမဲ့ဖြန့်ဝေခြင်းကို ကဒါရပ်ကွက် မင်္ဂလာဈေးနှင့် (အထက)ပေါင်ကျောင်းတို့၌ ယနေ့နံနက်ပိုင်းက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အလုပ်အမှုဆောင် ဦးထွန်းထွန်းဦးနှင့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဖြန့်ဝေပေးခဲ့ကြသည်။

ထို့ပြင် အမှိုက်ပုံးခွဲခြားသတ်မှတ်စွန့်ပစ်ခြင်းကို လက်တွေ့အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၁၉**


ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။"

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ၁၉-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၀-၆-၂၀၂၅ ရက်နေ့မှ ၂၅-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းတွက်ချက်ပြပုံ။**




# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ပျဉ်းမနားမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့ရှိ ကျေးရွာစာကြည့်တိုက်များအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်တွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နေမှုအခြေအနေများနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရာတွင် နေပြည်တော်ကောင်စီဝင်က အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် သပြေပင်ကျေးရွာနှင့် ရွာသာကျေးရွာတို့သို့ သွားရောက်၍ ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဒက္ခိဏသီရိမြို့နယ် မဲဒီကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်ကော်မတီဖွဲ့၍ စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးနှင့် လစဉ်စာအုပ်၊ စာစောင်များ၊ သတင်းစာများ ဖြည့်ဆည်း၍ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်သူတိုးပွားရေးကို ပြည်သူများ အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



**မျိုးသီဟ(ပြန်/ဆက်)**

☆ **ယူ-၂၁ မှ**

ရာမညယူနိုက်တက်အသင်းသည် ငါးပွဲမြောက်နိုင်ပွဲ ရရှိခဲ့သည်။ Falcon အသင်းမှာမူ ငါးပွဲမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ကိုးပွဲစီကစားအပြီးတွင် ရာမညယူနိုက်တက်အသင်းက ၁၆ မှတ်၊ Falcon အသင်းက ရှစ်မှတ် ရရှိထားသည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက Dagon Port အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ကိုးပွဲစီကစားအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရမှတ် ၂၀၊ Dagon Port အသင်းက တစ်မှတ်ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MNL**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၆-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |
| HSD (10 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၈၀ |
| 95 Ron | ၂၈၆၀ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၀၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

○ **ကျောဖုံးမှ**

အခုပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ ဖီးလ်ဖိုဒန်ဟာ လက်ရှိကျင်းပလျက်ရှိတဲ့ ၂၀၂၅ ခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အမြန်ဆုံးဂိုးသွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ အုပ်စု(H)ရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အယ်လ်ဟီလာအသင်းနဲ့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် ၁၄ မိနစ်မှာ ရရှိခဲ့တဲ့ ဂွန်ဇာလိုဂါစီယာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့် ၄၁ မိနစ်မှာ ခွင့်ပြုပေးလိုက်ရတဲ့ ပင်နယ်တီသွင်းဂိုးကို ရူဗင်နီဗက်က အမှားယွင်းမရှိ ကန်သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ပွဲကစားချိန် မိနစ် ၉၀ မှာ ပင်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ပေမယ့် ဗယ်ဗာဒီအနေနဲ့ ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့တာကြောင်း သရေရလဒ်နဲ့ အဆုံးသတ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

✻ **MNL မှ**

ရခိုင်ယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ ပထမဆုံး တက်လှမ်းနိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သာမန်ပွဲကစားချိန် မိနစ် ၉၀၊ အချိန်ပို မိနစ် ၃၀ တို့တွင် ဂိုးမရှိသရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပင်နယ်တီကန်သွင်းရာတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ဇော်ဝင်းသိန်း၊ အောင်မျိုးခန့်နှင့် မျိုးဆက်ပိုင်တို့ဂိုးဝင်ပြီး ကောင်းစည်သူ၏ ကန်သွင်းချက် ဂိုးဘားတန်းပေါ် ကျော်သွားခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းမှ မောင်မောင်စိုး တစ်ဦးတည်းသာဂိုးဝင်ပြီး သူရဇော်၊ မင်းထူးအိမ်လင်းနှင့် ဝင်းမိုးကျော်တို့၏ ကန်သွင်းချက်များကို ရန်ကုန်ဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

# ကိုယ့်စိတ်ကို သတိထား

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

(၁၃-၅-၂၀၂၅ ရက်နေ့မှအဆက်)

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ (နံပါတ်နှစ်) ဒုက္ခသစ္စာအကွက်ကလည်း ဧည့်သည်ပါပဲ။ ရှုနေတဲ့စိတ်ကလည်း ဧည့်သည်ပါပဲ။ ရှုစိတ်လည်း ပေါ်ပြီးပျောက်တယ်၊ ထင်ရှားပြီးချုပ်တယ်။ ဖြစ်ပြီးပျက်တယ်။ အာရုံတစ်ချက် သူ့စိတ်တစ်ချက်၊ အာရုံက ဖြစ်ပြီးပျက်သလို ရှုစိတ်ကလည်း ဖြစ်ပြီး ပျက်သွားတယ်။

အဲဒါကိုမှ အရှုခံအာရုံကသာ ဖြစ်ပြီးပျက်တယ်။ ရှုတဲ့စိတ်က ဖြစ်ပြီးမပျက်ပါဘူးဆိုရင် စဉ်းစားပေ့ါ။ နည်းမှန်လမ်းမှန် ဖြစ်ပြီလား၊ မဖြစ်သေးဘူးလား ဆိုတာကို သိသိလာပါလိမ့်မယ်။

မိမိရဲ့ ရုပ်နာမ်အာရုံကို သိနေမြင်နေ ကြည့်နေ ရှုနေမှတ်နေတယ်ဆိုတဲ့ ဝိပဿနာစိတ်က လောကီစိတ်ပဲလေ၊ လောကမှာ ဖြစ်နေတဲ့စိတ်လေ။ စိတ်မှန်ရင် ပေါ်ပြီးပျောက်တယ်။ ဖြစ်ပြီးပျက်တယ်။ ထင်ရှားပြီး ချုပ်တယ်ဆိုတာကို ငါရှုနိုင်တယ်။ ငါကြည့်နိုင်တယ်။ ငါတွေ့နိုင်တယ်။ ငါမှတ်နိုင်တယ်။ ငါအားထုတ်နိုင်တယ်။ ငါရှုလို့ကောင်းလိုက်တာ ဆိုရင် သွားပြီသွားပြီ။ မရှိတဲ့ငါကို အရှိလုပ်ပြီးတော့ မမြဲတဲ့ရှုစိတ်ကို မြဲတယ်၊ ကိုယ်မပိုင် မနိုင်တဲ့ ပရမတ်ရှုစိတ်ကို နိုင်တယ်ထင်နေတော့တာပါပဲ။ အမှားကြီးပေ့ါ။

ဒါကြောင့်မို့ ခဏခဏပြောတယ်။ အာရုံကို ကြည့်နေ မြင်နေရပေမယ့် ကိုယ့်စိတ်ကိုလည်း သတိထား။ ကိုယ့်စိတ်ကို ဂရုစိုက်စမ်းပါ။ ကိုယ့်စိတ်ကို ကြည့်စမ်းပါ။

အဲဒီလို ဉာဏ်နဲ့ကြည့်တဲ့အခါ ကိုယ့်ရှုစိတ်ကလည်း ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံ ဖြစ်လာပါတယ်။

ဘာအာရုံပေါ်ပေါ် ကိုယ်လုပ်ချင်သလို လုပ်ဖို့ ဂရုစိုက်မနေနဲ့။ ဖြစ်ပြီးပျက်၊ ပေါ်ပြီးပျောက်၊ ထင်ရှားပြီးချုပ်၊ သတိရှိတဲ့စိတ်၊ ဉာဏ်ရှိတဲ့စိတ်က အဲဒီအာရုံကို သေချာကြည့်လိမ့်မယ်။ သေချာသိလိမ့်မယ်။ သိ၊ သေချာသိ ဖြစ်နေလိမ့်မယ်။

သတိရှိလိုက်တာနဲ့တစ်ပြိုင်နက် အဲဒီသတိရှိတဲ့စိတ်ဟာ ဖြစ်လာသမျှ အာရုံတိုင်းကို သူကြည့်တယ်။ ဉာဏ်ရှိလိုက်တာနဲ့တစ်ပြိုင်နက် အဲဒီဉာဏ်ရှိတဲ့စိတ်ဟာ ဖြစ်လာတဲ့ အာရုံမှန်သမျှရဲ့ သဘောအမှန်ကို သိနိုင်တယ်။

သတိလည်း ရှိတယ်။

ဉာဏ်လည်း ရှိတယ်။

မိမိတို့စိတ်မှာ သတိဉာဏ်ရှိပြီဆိုတော့ ပေါ်တိုင်းပေါ်တိုင်း ဆုံတိုင်းဆုံတိုင်း မြင်လည်း မြင်မယ်။ သိလည်း သိမယ်။ ဖြစ်တိုင်း ဖြစ်တိုင်း အာရုံတွေကို မြင်လည်း မြင်မယ်၊ သိလည်း သိမယ်။ သိ၊ သေချာသိဆိုတာ ဖြစ်လာပါတယ်။

များသောအားဖြင့် သတိရှိပြီး ဉာဏ်မပါရင် ကြည့်သာကြည့်တယ် သေချာမသိဘူး။ အဲဒီသဘောကို သီးခြားအနေနဲ့ကြည့်လျက် မမြင်လို့ တရားတစ်ပုဒ်ဟောခဲ့ပြီးပါပြီ။ သတိလေးရှိရုံနဲ့က ကြည့်တော့ကြည့်တယ်၊ မမြင်နိုင်ပါဘူး။

သတိနဲ့ဉာဏ်နဲ့တွဲပြီး သေသေချာချာ ဂရုစိုက်ပြီး ကြည့်စမ်းပါ။ သတိထားစမ်းပါ။ ရှုစေချင်တယ်။ အာရုံအရှုခံလည်း ဖြစ်ပြီးပျက်၊ ပေါ်ပြီးပျောက် ထင်ရှားပြီး ချုပ်နေတာပဲ။ ရှုတဲ့စိတ်ကရော ဒီအတိုင်းပါပဲ။


ကိုယ့်စိတ်ကို သတိထားကြည့်စမ်းပါ။ အာရုံကလည်း ဧည့်သည်၊ ရှုတဲ့စိတ်ကလည်း ဧည့်သည်ပါပဲ။ အာရုံမှ ဧည့်သည်၊ ရှုတဲ့စိတ်က အိမ်ရှင်ဆိုရင် ဝိပဿနာဉာဏ်အစစ် မဟုတ်နိုင်သေးပါဘူး။

မျက်လုံးလေး ဖွင့်လိုက်လို့မြင်လိုက်ရတဲ့ အဆင်းက ဧည့်သည်။ မြင်ပြီးမရှိတော့ဘူး၊ ကြည့်လိုက်လို့ မြင်တဲ့စိတ်ကလည်း ဧည့်သည်ပဲ။ အဲဒီလို မျက်စိက ကြည့်လိုက်တဲ့အခါမှာ ကူညီတဲ့ မျက်စိပသာဒ ရုပ်ဝတ္ထုကလည်း ဧည့်သည်ပါပဲ။

ဒါကြောင့်မို့ လောကကြီးကို ဧည့်သည်အာဂန္တု ဆိုတာ သဘောပေါက်စမ်းပါ။ သံသရာထဲမှာသွားနေရတဲ့ ဧည့်သည်ပါ။

သတ္တဝါတွေဟာ ပညတ်သဘောနဲ့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ ခရီးတွေကို တစ်ခေါက်ပြီး တစ်ခေါက်သွားနေရတဲ့ ဧည့်သည်တွေပါ။ သံသရာခရီးသွားနေရတဲ့ သတ္တဝါပညတ်ဧည့်သည်ကို တွေ့ရင် သံဝေဂဉာဏ်ရပါတယ်။

ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာ၊ အာရုံ၊ ရုပ်နာမ်ခန္ဓာ၊ ရှုစိတ် နာမ်ခန္ဓာ၊ အရှုခံနဲ့ အရှုဉာဏ်ကို ကြည့်ပြန်တော့ အရှုခံလည်း ဧည့်သည်၊ အရှုဉာဏ်လည်း ဧည့်သည် တွေချည်းပါပဲ။



ပညတ်သဘော သတ္တဝါတွေလည်းဧည့်သည်၊ ပရမတ်သဘော သင်္ခါရတွေလည်းဧည့်သည်။ ပရမတ်၊ ပညတ်တွေရှိတဲ့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတွေလည်း ဧည့်သည်တွေချည်းပဲ ဆိုတာ သိလာပါတယ်။ သုံးဆယ့်တစ်ဘုံ လောကကြီးကို နားလည်သဘောပေါက်လာပါတယ်။

သစ္စာအနေနဲ့ပြောရင် လောကကြီးက ဒုက္ခသစ္စာ အမှန်တရားပါ။ ဖြစ်ပြီးပျက်၊ ပေါ်ပြီးပျောက်၊ ထင်ရှားပြီးချုပ်နဲ့ ဒုက္ခသဘောတွေပါပဲ။ ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲကြီးဖြစ်တဲ့ လောကကြီးတစ်ခုလုံးကို ကြိုက်တဲ့နေရာကြည့်။ ဒုက္ခသစ္စာတုံး၊ ဒုက္ခသစ္စာခဲကြီးပါပဲလို့ မိမိတို့သိတော့မြင်တော့ အမှန်စင်စစ်က မိမိတို့မြင်တာ မဟုတ်ပါဘူး။ သတိဉာဏ်က မြင်တာပါ။ မိမိတို့အားထုတ်တာ မဟုတ်ပါဘူး။ သတိဉာဏ်က အားထုတ်တာပါ။

အဲဒီ အားထုတ်နေတဲ့ သတိဉာဏ်က အားထုတ်ရင်း အားထုတ်ရင်း သတ္တိတွေကောင်းလာ၊ အားတွေတိုးပွားလာပါတယ်။ အဲဒါက မဂ္ဂသစ္စာကို ပွားများတယ်၊ တရားအားထုတ်တယ်လို့ ခေါ်ပါတယ်။

လောကီမဂ္ဂသစ္စာမျှသာ ဖြစ်နေဦးတော့ တဏှာ သမုဒယသစ္စာကို ထိုက်သင့်သလိုလေး မဖြစ်သောအားဖြင့် ပယ်သတ်တယ်လို့ ခေါ်ပါတယ်။ ကိလေသာ တဏှာတွေနည်းလို့ချုပ်လို့ မရှိတော့လို့ ငြိမ်းအေးတာကို စိတ်ပိုင်းဆိုင်ရာ နိဗ္ဗာန်ဖြစ်လာတယ်လို့ ခေါ်ပါတယ်။ အဲဒီလို သစ္စာလေးပါးနဲ့လျော်ညီစွာ သိစေချင်၊ ကျင့်စေချင်ပါတယ်။

ထိုင်ချင်ရင် ထိုင်မယ်။ စိတ်က လွင့်ချင်ရင် လွင့်မယ်။ ထိုင်ပြီးတော့ စိတ်က ကိလေသာကြောင့် လွင့်နေရင် တရားအားထုတ်တယ်လို့မခေါ်ပါဘူး။ ရှုတယ်လို့မခေါ်ပါဘူး။ ကိလေသာကြောင့် လွင့်နေတဲ့စိတ်ကို လွင့်တတ်တဲ့သဘောရှိတဲ့ စိတ်မှန်း သတိဉာဏ်နဲ့ မြင်ရ၊ သိရပါမယ်။

အမှန်ကတော့ လူက အားထုတ်တာမဟုတ်ပါဘူး။ သတိဉာဏ်က အားထုတ်တာပါ၊ သတိဉာဏ်ရှိရတယ်။ ကြိုးစားပါ။ အချိန်မရွေး သတိဉာဏ်လေးနဲ့ ကြိုးစားစမ်းပါ။ သတိထားစမ်းပါ။ သတိရှိစမ်းပါ။

ထိုင်နေစဉ်သာ သတိဉာဏ်ရှိရတာ မဟုတ်ပါဘူး။ သွားနေစဉ်၊ ရပ်နေစဉ်၊ စားနေစဉ် စတဲ့ အချိန်မရွေး၊ နေရာမရွေး၊ အလုပ်မရွေး၊ အမှုအရာမရွေး၊ သတိဉာဏ်ရှိရှိနဲ့ အားထုတ်ရမှာပါ။

သတိဉာဏ်ရှိတဲ့အခိုက် ကိလေသာမဖြစ်ပါဘူး။ သတိဉာဏ်ရှိတဲ့စိတ်လည်း ဧည့်သည်ပါပဲ။ ကိလေသာဖြစ်နေတဲ့စိတ်လည်း ဧည့်သည်ပါပဲ။

ဧည့်သည်ချင်းတူပေမယ့် သတိဉာဏ်ရှိတဲ့စိတ်က သူတော်ကောင်းသူမြတ်တွေရဲ့ အိမ်ပိုင်အစစ်ဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်အောင် သွားနေပါတယ်။ ကိလေသာရှိတဲ့စိတ်က သုံးဆယ့်တစ်ဘုံ အိမ်အစုံကို တစ်အိမ်ပြီးတစ်အိမ် လှည့်လည်သွားနေတာပါပဲ။ ကိလေသာရှိသူတွေရဲ့အိမ်က အပါယ်လေးဘုံပါ။ ကိလေသာမရှိသတိဉာဏ်ရှိသူတို့ရဲ့အိမ်က နိဗ္ဗာန်ပါပဲ။

အခုလို အသိပေးတရားတွေကို ကြားသိရင်း မိမိတို့ရဲ့ သတိဉာဏ်စွမ်း အားလျော်စွာ သံဝေဂဉာဏ်၊ ဝိပဿနာဉာဏ် အသိတရားတွေကို ရရှိပြီး ဧည့်သည်ရဲ့အဓိပ္ပာယ်ကို နားလည်နိုင်ကြပါစေ။

"အရှုခံအာရုံ၊ ရှုစိတ်တရား နှစ်မျိုးစလုံး ပရမတ်ဧည့်သည် ဒုက္ခသစ္စာတုံးကြီးပါတကား" လို့ သစ္စာအမှန်တရားကို သိမြင်နိုင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ထူးတွေ ရရှိနိုင်ကြပါစေ။

အရိယာစိတ်ဓာတ်ကြီးတွေနဲ့ သူတော်ကောင်းသူမြတ်ပုဂ္ဂိုလ်တွေအဖြစ်နဲ့ နိဗ္ဗာန်ကို စံဝင်နိုင်ကြပါစေ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဧည့်သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ပုညကြိယဝတ္ထု




ကျွန်တော်တို့သည် နောင်ဘဝဝယ် သုဂတိဘုံသို့ ရောက်ဖို့အရေးကို အရေးတကာအရေးတို့တွင် မိမိဘဝအတွက် အရေးအကြီးဆုံးအဖြစ်သတ်မှတ်ကာ အလုအယက် ကြိုးစားသွားသင့်ပေသည်။

သုဂတိဘုံကို ရင်းစားပြန်ရဖို့အရေးက စင်စစ် အလွန်မလွယ်ကူသော ကိစ္စရပ်ကြီးဖြစ်သည်။ သတိကြီးကြီးထား၊ အသိပညာ စူးစူးနစ်နစ်ဝင်အောင် စဉ်းစားနိုင်ပါမှ အလွန်မလွယ်ကူမှန်း သိကြရသည်။ သို့မဟုတ်ပါက ပေ့ါပေ့ါနေ၊ ပေ့ါပေ့ါစားနှင့် သုဂတိဘုံ ရောက်ရေး၌ မတွေးဝံ့စရာပင်ဖြစ်၏။

ဤသို့ဖြင့် ကျွန်တော်တို့ သုဂတိဘုံရောက်ရေး ခရီးစဉ်ကို လေ့လာနေကြရာ၌ ကုသလကမ္မပထကို အကျဉ်းအားဖြင့် သိပြီးဖြစ်သည်။

စင်စင် ကုသလကမ္မပထဟူသည်မှာ သုဂတိဘုံ ရောက်ကြောင်း လမ်းခရီးပင်ဖြစ်သည်။ ထိုကုသလကမ္မပထဆယ်ပါးကိုပင် ကောင်းသောအမူအရာ အကျင့်များဖြစ်သဖြင့် 'သုစရိုက် ဆယ်ပါး' ဟုလည်း ခေါ်သေးသည်။

ထိုကုသလကမ္မပထ ဒါမှမဟုတ် သုစရိုက်ဆယ်ပါးကိုကျင့်ခြင်းဖြင့် သုဂတိဘုံဌာနသို့ ရောက်ရှိရပေမည်။ ထို့ပြင် သုဂတိဘုံရောက်ကြောင်း အခြားကုသိုလ်မှုများလည်း ရှိသေးသည်။

ထို့ကြောင့် ယခုအခါ၌ ထိုကုသလကမ္မပထ သို့မဟုတ် သုစရိုက်ဆယ်ပါးအပြင် အခြားသော သုဂတိဘုံဌာနရောက်ကြောင်း ပုညကြိယဝတ္ထုတရားဆယ်မျိုးကို ဆက်လက်လေ့လာထားရပေမည်။

အကြောင်းမှာ သာသနာတော်နှင့်ကြုံခိုက်၊ လူ့ဘဝကို ရခိုက် သုဂတိခရီးအတွက် ကျွန်တော်တို့မှာ အဘက်ဘက်က အခွင့်သာနေခိုက် ဖြစ်သောကြောင့် ဖြစ်သည်။

ပုညကြိယဝတ္ထုဆယ်မျိုးဟူသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဒါန-စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။
၂။ သီလ - ငါးပါး၊ ရှစ်ပါး စသောသီလများကို စောင့်ထိန်းခြင်း၊
၃။ ဘာဝနာ-သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့ကို စီးဖြန်းခြင်း။
၄။ အပစာယန- ရတနာသုံးပါး၊ မိဘဆရာ စသောသူတို့အား ရိုသေခြင်း။
၅။ ဝေယျာဝစ္စ-ရတနာသုံးပါး၊ မိဘဆရာ စသူတို့၏ အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း။
၆။ ပတ္တိဒါန-မိမိပြုသော ကုသိုလ်အဖို့ကို သူတစ်ပါးတို့အား အမျှပေးခြင်း။
၇။ ပတ္တာနုမောဒန-သူတစ်ပါးပြုသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း။
၈။ ဓမ္မဿဝန-တရားနာခြင်း။
၉။ ဓမ္မဒေသနာ-လာဘ်လာဘကို ငဲ့ကွက်မှုမပြုဘဲ တရားဟောခြင်း။
၁၀။ ဒိဋ္ဌိဇုကမ္မ- မှန်ကန်သောအယူကို ယူခြင်း၊

ဤဖော်ပြပါ ပုညကြိယာဝတ္ထုဆယ်မျိုးကိုလည်း ကြုံလျှင်ကြုံသလို အခွင့်သာခိုက်ပြုလုပ်သွားရန် သတိရှိရပေမည်။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်
## ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ဆေးကုသခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် လိုအပ်သည့် FDA အသိအမှတ်ပြု ဆေး၊ ဆေးပစ္စည်းများကို မြန်မာငွေဖြင့် ဝယ်ယူမည်ဖြစ်၍ လိုင်စင်ရ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါအမှတ် - ၁/၂၀၂၅ -၂၀၂၆
တင်ဒါတင်သွင်းလွှာပုံစံ -၂၃-၆-၂၀၂၅ (တနင်္လာနေ့)
ရောင်းချမည့်ရက်နှင့်အချိန် နံနက် ၉:၀၀နာရီ
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၇-၇-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၂:၀၀နာရီ
နမူနာပစ္စည်းများ အပ်နှံရမည့်ရက် - တင်ဒါတင်သွင်းသည့်နေ့
တင်ဒါအောင်မြင်ပါက တင်သွင်းမည့် ဆေးနှင့်ဆေးပစ္စည်းများသည် နမူနာပစ္စည်းနှင့် တူညီရပါမည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ စာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးသိုလှောင်ရေးဌာနရုံးခန်း၊ ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါ/ ဆေး၊ ဆေးပစ္စည်းများ**
**ဝယ်ယူရရှိဆောင်ရွက်ရေးလုပ်ငန်းကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦအထူးအဖွဲ့ (၃)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အမှတ်စဉ်(၁/၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၃)မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့်တည် ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေ၊ အုတ်နှင့် 400KVA Transformer (၂)လုံးကို တင်ဒါခေါ်ယူသွားမည်ဖြစ်ပါသဖြင့် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၄-၇-၂၀၂၅) (ညနေ ၄:၀၀)နာရီ
၂။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - (၈-၇-၂၀၂၅) (နံနက် ၁၀:၃၀)နာရီ
၃။ တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အဆောက်အဦအထူးအဖွဲ့ (၃)၊ အမှတ်(၉၀) (၃၂)လမ်း(အောက်) ပထမထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
၄။ တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ - အဆောက်အဦအထူးအဖွဲ့(၁)ရုံး၊ သံသုမာလမ်းနှင့်သရဖီလမ်းထောင့် မင်းဒင်မှတ်တိုင်၊ သုဝဏ္ဏ
၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့ (၃)ရုံးတွင် ရုံးချိန်အတွင်း ဖုန်း(၀၉-၇၉၉၅၇၁၉၂၆/ ၀၉-၄၂၀၁၀၆၃၅၆)သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**မှတ်ချက် ။ ။ ပြောင်းလဲမှုရှိလျှင် အကြောင်းကြားပါမည်။**

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို
## အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၉၄၅

ရိုးမဘဏ်လီမိတက်(၎င်း၏ကိုယ်စား နှင့် ဘဏ်ခွဲမန်နေဂျာ ဒေါ်အေးအေးသီ) — ၁။ ဒေါ်နှင်းယင်ယင် ၂။ ဦးအောင်မြတ်ဝင်း ၃။ ဒေါ်ရတနာမြင့်ငွေ

**(အယူခံတရားလို)** **(အယူခံတရားပြိုင်များ)**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ ကျောက်တံတားခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၉၈/၂၀၂၃ အမှုတွင်ချမှတ်သော အမိန့်ကိုအယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၉၆)နေ အယူခံတရားပြိုင် (၂) ဦးအောင်မြတ်ဝင်း (၃)ဒေါ်ရတနာမြင့်ငွေ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ကျောက်တံတားခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၇) ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မိုးသင်းအောင် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် အသုံးပြုမည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း(၂)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် သတ်မှတ်ထားသည့် အမျိုးအစား၊ Specification အတိုင်း တိကျမှန်ကန်စွာ တင်သွင်းနိုင်သော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များအား တင်ဒါစည်းကမ်းချက်တွင် ပူးတွဲဖော်ပြထားပြီး တစ်စောင်လျှင် ငွေကျပ် ၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် အောက်ပါအတိုင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည် -

(က) စတင်ရောင်းချမည့်နေ့ရက် - ၂၀-၆-၂၀၂၅ ရက်နေ့မှ ၃-၇-၂၀၂၅ ရက်နေ့ (၁၆:၃၀)နာရီထိ
( ခ ) တင်ဒါပိတ်မည့်နေ့ရက် - ၃-၇-၂၀၂၅ ရက်နေ့၊ (၁၆:၃၀)နာရီ
( ဂ ) တင်ဒါဝယ်ယူရန်နှင့် တင်ဒါတင်သွင်းရန် - အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့် နည်းပညာဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းအမှတ် (၀၆၇-၃၄၃၁၃၅၀)နှင့် (၀၆၇-၃၄၃၁၃၅၁)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ရုံးအမှတ်(၄၈)၊ နေပြည်တော်**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီနီလမ်း၊ အမှတ်-၈၇ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၃၀-သုဝဏ္ဏ(ဘုရားအနီး)၊ မြေကွက်အမှတ်- ၈၇၊ ဧရိယာ (၀.၁၁၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်တို့၏ အမည်ပေါက်သူ ဒေါ်ရောပြုံးနှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှတင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ် - ၈၅၊ (၃၇) လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉-၅၀၂၂၄၄**

## "နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော ဦးမင်းသူ(ဘ)ဦးချို [၇/ညလပ (နိုင်) ၁၃၈၂၁၇]နှင့် ဒေါ်ငြိမ်းချမ်းသူ (ဘ)ဦးမြင့်စိုး [၁၂/တတန(နိုင်)၂၁၉၆၃၇] တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်၍ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန်မဖြစ်နိုင်တော့သောကြောင့် ( ၁-၆-၂၀၂၅ ) ရက်နေ့တွင် အသိသက်သေများရှေ့မှောက်တွင် ၎င်းတို့၏ဆန္ဒအား ထုတ်ဖော်ပြောကြား၍ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းလက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ နှစ်ဦးသဘောတူကွာရှင်းပြီးသည့် အချိန်မှစ၍ ဦးမင်းသူနှင့် ဒေါ်ငြိမ်းချမ်းသူတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းချမ်းသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူဇော်(LL.B,D.I.L,WIPO-Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၅၃၀)**
**သာယာကုန်းလမ်း၊ အိုးဖိုအရှေ့ရပ်ကွက်၊ တွံတေးမြို့နယ်၊ ရန်ကုန်။**
**ဖုန်း-၀၉-၄၀၀၉၈၈၆၀၈၊ ၀၉-၇၈၂၇၆၀၇၂၅**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်- ၅/၄၉၈ နေ ဒေါ်သန္တာဦး [၁၂/ဒလန(နိုင်)၀၄၁၂၅၈] နှင့် ဒေါ်နန္ဒာဝင်း [၁၂/ဒလန(နိုင်)၀၈၄၀၇၄] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၌ ၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-(၈/၂၀၀၈) အမှုတွင် ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၊ မြေကွက်အမှတ်- ၁၃၈၉၊ ယုဇနမြိုင်လမ်း၊ အမှတ် (၃၇)၊ အကျယ်အဝန်း (အလျား၂၅ x အနံ၅၀)ပေ၊ ဒေါ်မြင့်မြင့်လွင် အမည်ပေါက် မြေချပါမစ်နှင့် မြေကွက်ကို ကျွန်ုပ်မိတ်ဆွေတို့၏မိခင် ဒေါ်မေလွင်ထွန်း (ကွယ်လွန်)နှင့် ဒေါ်ခင်ဘုန်းလွင်တို့မှ အနိုင်ရရှိသည့်နေ့မှ ယနေ့တိုင်မည်သူ့ကိုမှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လင်းလင်းရွှေစင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၆၈/၂၀၁၃)**
**အမှတ်- ၂၇၈၊ ဘုမ္မာ(၈)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၂၅၄၈၉၇၄၇၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၈၅(ယခု-ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၄၉)၊ ဦးပိုင်အမှတ်(၈၁+၈၂)ခဲစင်း ၅၆x၅၇ကြား၊ ၁၄၁x၁၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဖခင်ဒေါက်တာ ဦးဘမောင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၉၄၁/၂၀၁၄)ဖြင့် ဦးတင်မောင်နိုင် ပါ (၅)ဦးတို့က အမွေဆက်ခံခဲ့ပြီး တရားလိုရန်ဆိုင်းဟွမ် (ခ) YAN SAI HWAN က တရားပြိုင် ဦးတင်မောင်နိုင် (၎င်းကိုယ်တိုင် နှင့် ၂/၃/၄/၅တို့၏ GP ရရှိသူ) ဦးတင်မောင်ဝင်း၊ ဒေါ်နှင်းနှင်းအေး၊ ဒေါ်စန်းယုမေ၊ ဒေါ်မော်မော်တို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၀၇/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ရန်ဆိုင်းဟွမ် (ခ) YAN SAI HWAN [၁၃/နမတ(ပြု)၀၀၀၀၁၄]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၂၇၇)၊ အကျယ်အဝန်း (အလျား၄၀ပေx အနံ၆၀ပေ)ရှိ ဒေါ်လင်းလင်းထွန်း အမည်ဖြင့် ရရှိထားသောပါမစ်မြေကွက်၊ နှင့်

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၂၇၈)၊ အကျယ်အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)ရှိ ဒေါ်စိုးယုမော် အမည်ဖြင့် ရရှိထားသောပါမစ်မြေကွက်(၂)ကွက်အား တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းကျော်ကျော်ဖိုးလ်[၁၂/ဒဂရ(နိုင်)၀၁၀၉၅၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်(၂)ကွက်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်(၂)ကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဝေဘာဂီ)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(B-3)၊ မြေအကျယ်အဝန်း (၄၀ပေ × ၆၀/၇၀ပေ)၊ဧရိယာ (၀.၀၆၀)ဧက၊ (၂၆၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးဝင်းမြင့် (၁၂/လကန(နိုင်)၀၀၆၆၈၂)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီး မြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |

အမှတ်(၁၄၀)၊ စံပါယ်ဖြူလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈U၅)၊ သာယာရွှေပြည်လမ်းနှင့်နဝဒေးလမ်းထောင့်၊ မြေကွက်အမှတ်(၂၁၃+၂၁၄)၊ မြေအကျယ်အဝန်းဧရိယာ(၀.၂၈၇)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်(၂)ကွက်နှင့်ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဦးဉာဏ်လင်းဦး(၁၄/ဘကလ(နိုင်)၂၁၇၄၁၆)နှင့် ဒေါ်အေးမြသန္တာ(၁၄/ဘကလ(နိုင်)၂၂၀၉၂၁) တို့အမည်များဖြင့် ပူးတွဲအမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |
| **ဦးတိုးဝေနိုင် (LL.B)** | **ဒေါ်ဥသြခင်(ခ)ဥမ္မာသိန်း(LL.B)** |
| အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃) | အထက်တန်းရှေ့နေ (စဉ်-၅၃၈၇၈) |

ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊ ၀၉-၄၄၅၆၅၉၀၁၇

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ က ရပ်ကွက်၊ အကွက်အမှတ် ယ-၃၊ ဦးပိုင်အမှတ်(၄၅)/၊ ၇၁x၇၂ကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ပိုပို(ခ)မြသီ [၉/မရမ(နိုင်)၀၃၇၉၆၉]၊ ဒေါ်အိအိထွန်း[၉/မရမ (နိုင်)၀၃၇၉၉၀]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၀)ရပ်ကွက်၊ ပင်းယလမ်း၊ အမှတ်(၁၀/၀၃၄/လ) အဖ ဦးမောင်ဇော်(ကွယ်လွန်)၊ အမိ ဒေါ်လက်ချမီး [၁၂/ရကန(စ)၀၀၀၁၇၁]တို့၏ သားသမီး(၄)ဦးရှိသည့်အနက် ဒုတိယမြောက် သားဖြစ်သူ မောင်သိန်းဇော်သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ၊ မိခင်စိတ်ဆင်းရဲသည့် ကိစ္စများအား အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် မောင်သိန်းဇော်နှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ မိခင်ဖြစ်သူက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လက်ချမီး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြတ် (LL.B, Wipo, DL.101, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၈၀)**
**ဖုန်း-၀၉-၂၆၀၃၈၃၇၀၇**

## ကြော်ငြာစာ

